ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ကဆုန်လကွယ်နေ့၊ ဗုဒ္ဓဟူးနေ့ (1-6-2011) (၆၇၇၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သစ်တောသယံဇာတများ ထိန်းသိမ်းရာတွင် မည်သူ့တိုက်တွန်းချက်မှ စောင့်မနေဘဲ ကျေပွန်စွာထမ်းဆောင် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်များစိုက်ပျိုးရာတွင် ရှင်သန်အောင်စိုက်ပျိုးပြီး အစဉ်ထိန်းသိမ်း

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဆိပ်ဖြူမြို့နယ် ပေါက်ပင်ကန်ပျိုးဥယျာဉ်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၃၁

တိုင်းပြည်၏ သစ်တောသယံဇာတများကို ရေရှည်ထိန်းသိမ်းရန် လိုအပ်သဖြင့် မိမိတာဝန်ကို ထမ်းဆောင်ရာတွင် မည်သူ့တိုက်တွန်းချက်ကိုမှ စောင့်မနေဘဲ ကျေပွန်စွာထမ်းဆောင်ရန် ဖြစ်ကြောင်း၊ သစ်တောဥပဒေကို လေးစားလိုက်နာရန်နှင့် မလိုက်နာသူများရှိက ထိရောက်စွာ အရေးယူရန်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း သစ်တောသယံဇာတ အရေးကြီးပုံကို ဒေသခံပြည်သူများသိအောင် စည်းရုံးပညာပေးခြင်းများ ဆောင်ရွက်ပြီး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ကာကွယ်ထိန်းသိမ်းရန် လိုအပ်ကြောင်းဖြင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မေ ၃၀ ရက်နှင့် ယနေ့တို့တွင် မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်းရှိ သစ်တောစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုအခါ ကမ္ဘာနှင့်အဝန်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းသည် အရေးကြီးလာသဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်စေမည့် လုပ်ငန်းများကို တားဆီးရန်နှင့် သဘာဝပတ်ဝန်းကျင် **စာမျက်နှာ ၃ ကော်လံ ၁ သို့**

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေပါအချက်များ လိုက်နာကျင့်သုံးခြင်းဖြင့် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုနှင့် နှီးနွယ်သည့် ရောဂါအမျိုးမျိုးဖြစ်ပွားမှု လျော့နည်းသွားမည်

ကျန်းမာရေးအသုံးစရိတ်များ လျော့နည်းလာပြီး ပြည်သူတစ်ရပ်လုံး ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်မားလာမည်ဖြစ်

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

နေပြည်တော် မေ ၃၁

လူငယ်လူရွယ်ထုနှင့် ပြည်သူတစ်ရပ်လုံးအကြား ဆေးလိပ်သောက်သုံးမှု လျော့နည်းကျဆင်းရေး၊ ပြည်သူများအား သူတစ်ပါး၏ ဆေးလိပ်ငွေ့ ရှူရှိုက်ရသည့် အန္တရာယ်မှ ကာကွယ်ပေးနိုင်ရေးတို့အတွက် နိုင်ငံတော်က ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ ဥပဒေပါအချက်များကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုနှင့် နှီးနွယ်သည့် ရောဂါအမျိုးမျိုး ဖြစ်ပွားမှု သိသာစွာ လျော့နည်းကျဆင်းသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ကျခံရသည့် ကျန်းမာရေး **စာမျက်နှာ ၃ ကော်လံ ၁ သို့**

ကြေးမုံ The Mirror
၁-၆-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

ငါးသယံဇာတ မျိုးပြုန်းတီးမှုမှ ကာကွယ်

မြန်မာ့ပင်လယ်ပြင် ကမ်းနီးကမ်းဝေး ငါးဖမ်းကွက်များနှင့် မြစ်ချောင်းများ၊ ကျယ်ပြန့်သော မြစ်လက်တက် ရေပြင်ဧရိယာများတွင် ငါးပုစွန်များ ဖမ်းယူရရှိနိုင်သည့် အခြေအနေကောင်းများ ပြည့်စုံနေသည်။ ရေသယံဇာတ အရင်းအမြစ်ကြွယ်ဝသောနိုင်ငံဖြစ်ရာ ပြည်တွင်း၌ ငါးစားသုံးမှုဖူလုံရေး၊ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ကမ္ဘာတွင် လူဦးရေ တိုးတက်လာလျက်ရှိရာ သားငါးရိက္ခာ လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပင်လယ်ငါးဖမ်းလုပ်ငန်းများသာမက ငါးမွေးမြူရေးလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်နေကြပြီ ဖြစ်သည်။ ရေချိုရေငန် ငါးပုစွန်မွေးမြူရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာနိုင်သည်နှင့်အမျှ စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ပိုမိုရရှိနေကြပြီဖြစ်သည်။

ဈေးကွက်လိုအပ်ချက်နှင့်အညီ ငါး ပုစွန်များ ပိုမိုရရှိရေး ခေတ်မီငါးဖမ်းရေယာဉ်များ၊ ခေတ်မီငါးဖမ်းကိရိယာများ အသုံးပြုလျက်ရှိသည်။ ငါးထုတ်လုပ်မှုလုပ်ငန်းများတွင် ပင်လယ်ငါးဖမ်းကွက်များသာမက မြစ်ချောင်းအင်းအိုင်များမှ ထုတ်လုပ်မှုများလည်း ပါဝင်သည်။ မြစ်ချောင်း အင်းအိုင်ငါးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါး ပုစွန်များ မျိုးပြုန်းတီးမှု မဖြစ်ပေါ်စေရေး စနစ်တကျ ထိန်းသိမ်းလုပ်ကိုင်ကြရန် လိုအပ်သည်။

မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မိုးဖြိုင်ဖြိုင် ရွာသွန်းတတ်သည်။ မြစ်ချောင်း အင်းအိုင် အနှံ့အပြား ရေပြင်ရေရိုးများ၌ ဥများဖြင့် ပြည့်ဝနေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများ ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက် မိတ်လိုက်မျိုးပွားချိန်ဖြစ်သည်။ ယင်းသို့ မျိုးပေါက်ပွား ရာသီချိန်အတွင်း ငါးရစ် ငါးသန်များ၊ ပုစွန်တုပ်ကြီးများအား ဖမ်းဆီးခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသည်။

မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်းရေပြင်အတွင်း ငါး ပုစွန်များ မျိုးပေါက်ပွားချိန်ဖြစ်သော ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ သတ်မှတ်နေရာများအတွင်း ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန် ထုတ်ပြန်ကြေညာထားသည်။ ရခိုင်ငါးဖမ်းကွက်၊ ဧရာဝတီငါးဖမ်းကွက်၊ မွန်နှင့် တနင်္သာရီ ငါးဖမ်းကွက်တို့ရှိ သတ်မှတ်ထားသော နေရာများ၌ ဖြစ်သည်။

ရေချိုရေငန်ငါးပုစွန်များအတွက် ဈေးကွက်ရှိပြီးဖြစ်သည်။ အကျိုးစီးပွားဖြစ်ထွန်းနိုင်သည့်လုပ်ငန်းဖြစ်ရာ မျိုးကောင်းမျိုးသန့် ငါးပုစွန်မျိုးများ ခေတ်မီနည်းစနစ်ဖြင့် တိုးချဲ့မွေးမြူရေး ကြိုးပမ်းသင့်သည်။ **ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား** ဆောင်ပုဒ်နှင့်အညီ ငါးရစ် ငါးသန် ရာသီချိန်အတွင်း ငါးရစ်ငါးများအား ဖမ်းဆီးစားသုံးမှုမပြုရေး ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်သွားကြရမည်ဖြစ်သည်။ မြန်မာ့ကမ်းရိုးတန်းနှင့် မြစ်ချောင်းအင်းအိုင် ရေတိမ်ဒေသများတွင် ရေငန်ငါးမျိုးစိတ် ၅၀၀ ကျော်နှင့် ရေချိုငါးမျိုးစိတ် ၃၀၀ခန့် နေထိုင်ကျက်စားလျက်ရှိရာ စနစ်တကျ ထိန်းသိမ်းလုပ်ကိုင်ကြခြင်းဖြင့် မြန်မာ့ရေသယံဇာတများ ရေရှည်ထုတ်လုပ် သုံးစွဲသွားနိုင်ကြမည် ဖြစ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၅ ၁။ တရားတော်
- ၇း၁၀ ၂။ လျှပ်တစ်ပြက်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၁၀ ၁။ နိုင်ငံတော်သီချင်း
- ၄း၁၅ ၂။ အဖွင့်သီချင်း
- ၄း၂၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၄။ လျှပ်တစ်ပြက်
- ၄း၄၀ ၅။ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၅၀ ၇။ ရွှေးဟောင်းသုတ
- ၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၆၉)**
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ **Mail Box**
- ၆း၃၅ ၁၃။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၂၆)
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ(အပိုင်း-၁၄)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ဒို့တာဝန်အရေး(၃)ပါး
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ကြင်ရာတော်ရွေးပွဲ (ထင်ကျော်လင်း၊ ပေါ်လေး၊ ကျော်ထူးနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)](ဇာတ်သိမ်းပိုင်း)
- ၂၁။ အိုင်စီတီသုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ် အိပ်မက်လေးရယ် (အပိုင်း-၅)**
- ၂၄။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း(လှိုင်မြစ်ကျော်) ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်းကြိုးဆွဲခြင်းဆောင်ရွက် အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေးမှာကြား

ရန်ကုန် မေ ၃၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မေ ၂၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း (လှိုင်မြစ်ကျော်)ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ အလုံဘက်ကမ်းရှိ ၂၃၀ ကေဗွီ၊ လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း (လှိုင်မြစ်ကျော်) တာဝါတိုင် River Crossing Tension No. 2 သို့ ရောက်ရှိပြီး Tensioner ကြိုးထိန်းလွှတ်စက်များ အသုံးပြု၍ ဓာတ်အားလိုင်း ကြိုးထိန်းလွှတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ အလုံပင်မဓာတ်အားခွဲရုံ Switch Yard တည်ဆောက်ရန်အတွက် ပစ္စည်းများ ရောက်ရှိနေမှုနှင့် Switch Yard Foundation လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တာဝါတိုင် River Crossing Suspensions No.2 ၌ တာဝါတိုင်များတွင် တပ်ဆင်အသုံးပြုမည့် ဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်းသုံးပစ္စည်းများကိုလည်းကောင်း၊ အလုံဘက်ကမ်းမှနေ၍ ခနောင်တိုဘက်ကမ်းရှိ တာဝါတိုင် River Crossing Suspensions No.2 ကို လှိုင်မြစ်အတွင်း ရေယာဉ် ၁၀ စင်း စီတန်း၍ Hydraulic Puller စက်များအသုံးပြုကာ ဓာတ်အားလိုင်းကြိုးဆွဲယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ပစ္စည်းများ စံချိန်စံညွှန်း အရည်အသွေးပြည့်မီရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုသိမ်မြို့ ရေနက်ဆိပ်ကမ်း အဆင့်မြှင့်တင်ရေး၊ ဆန်နှင့် ရေထွက်ပစ္စည်းများ ကုန်သွယ်မှုပြုလုပ်နိုင်ရေး ဆွေးနွေး

နေပြည်တော် မေ ၃၁

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်အား စင်ကာပူနိုင်ငံ INDO SINO TRADE PTE., LTD. မှ Director Mr. LALIT RA JENDRA JAIN ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ဧရာဝတီတိုင်းဒေသကြီး၏ အဓိကထွက်ကုန်ဖြစ်သော ဆန်အား ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြသည်။

အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား SHWE MORE GROUP INDUSTRY CO., LTD. Managing Director ဦးစိုးမောင်မြင့်နှင့် SINOHYDRO CORPORATION LIMITED မှ Mr. Chen QI ဦးဆောင်သောအဖွဲ့သည် နံနက် ၁၀ နာရီတွင် လာရောက်တွေ့ဆုံပြီး ပုသိမ်မြို့ ရေနက်ဆိပ်ကမ်း အဆင့်မြှင့်တင်ရန်၊ ဆန်နှင့် ရေထွက်ပစ္စည်းများ ကုန်သွယ်မှု ပြုလုပ်နိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရာသီအကြို နေထိုင်မှုဆိုင်ရာ ကုန်စည်ပြပွဲ ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီ ပါဝင်ပြသ

ရန်ကုန် မေ ၃၁

Jade Crown Organizing Group မှ ကြီးမှူးပြီး ရှိုင်းဆောက်လုပ်ရေး ကုမ္ပဏီက Main Sponsor အဖြစ် ပါဝင်သည့် Monsoon Discount & Lifestyle Fair 2011 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မေ ၂၇ ရက်မှ ၃၀ ရက်အထိ ခင်းကျင်းပြသခဲ့ရာ ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ပါဝင် ပြသခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါပြခန်းတွင် အဆင့်မြင့်လုံးချင်း Pent House များ၊ ကွန်ဒိုတိုက်ခန်းများ၊ Apartment တိုက်ခန်းများကို အထူးအစီအစဉ်များဖြင့် ပြသရောင်းချပေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

အထက(၃) သထုံ ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၃၁

သထုံမြို့ အမက(အောက်ကျင်း)နှင့် အလက(၂)မှ အစပြုသော အထက(၃) ကျောင်းသား၊ ကျောင်းသူဟောင်းများ ပေါင်းစည်း၍ ပထမအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၆ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ အဝေးရောက် အသက်(၆၀)နှင့်အထက် အငြိမ်းစားဆရာများနှင့် အဝေးရောက်ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးပြေသိန်း ဖုန်း-၀၉-၄၉၈၁၅၄၄၂၊ ဦးကျော်ဌေးလှ ဖုန်း-၀၅၇-၄၀၁၄၀၊ ဒေါ်နွယ်နွယ်စိုး ဖုန်း-၀၉-၈၇၂၀၃၉၂၊ ၀၉-၄၉၈၁၅၀၃၂၊ ဦးသူရအောင် ဖုန်း-၀၉-၄၉၈၁၆၉၆၀နှင့် ဒေါ်ဖြူမီမီကို ဖုန်း-၀၅၇-၄၀၈၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

ဇီဝိတဒါန သွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် မေ ၃၁

ဆုထူးပန် အဘိဓမ္မာသင်တန်းမှ ဆရာမဒေါ်ခင်သန္တာဦး (လူမှုထူးချွန် တတိယဆင့်)ဦးဆောင်၍ (၁၀)ကြိမ်မြောက် ဇီဝိတဒါန သွေးလှူဒါန်းပွဲကို ဇွန် ၅ ရက်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ နိကာယ်စာသင်တိုက်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဇီဝိတဒါန ကုသိုလ်အဖြစ် ပါဝင်လှူဒါန်းလိုသူ မည်သူမဆိုလာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၅၄၈)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

※ သစ်တောသယံဇာတမှ

ကောင်းမွန်စေမည့်လုပ်ငန်းများကို ကြိုးစားအားထုတ်ဆောင်ရွက်ရန် လိုကြောင်း၊ သဘာဝတောများ ကောင်းမွန်လာသည်နှင့်အမျှ ဇီဝမျိုးစုံမျိုးကွဲများ၏ ဂေဟစနစ် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ယခုနှစ် မိုးရာသီတွင် ဆောင်ရွက်မည့် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်များစိုက်ပျိုးရာတွင် တစ်ပင်စိုက်လျှင် တစ်ပင်ရှင်သန်အောင်စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်အောင်မြင်စေရေးကိုလည်း အစဉ်တစိုက် ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖူလုံစေရေးအတွက် တစ်ရွာတစ်ဧက၊ တစ်အိမ်ထောင် ယူကလစ်အပင် ၂၀ သာမကဘဲ ဆက်လက်စည်းရုံး၍ ယခုထက်ပိုမိုတိုးချဲ့ စိုက်ပျိုးသွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် မေ ၃၀ ရက်တွင် တောင်တွင်းကြီးမြို့နယ် ဝံအော်ကြီးစခန်းရှိ သစ်တောဦးစီးဌာနမှ စိုက်ပျိုးထားသော စီးပွားရေး(ကျွန်း)စိုက်ခင်းများ ရှင်သန်အောင်မြင်မှုနှင့် မြို့နယ်သစ်တောဦးစီးဌာန ကုက္ကိုခွ ပျိုးဥယျာဉ်၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှုတို့ကိုလည်းကောင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မကွေးမြို့နယ် ယင်း(၄)ကြိုးပြင်ကာကွယ်တောအတွင်း စိုက်ပျိုးထားသော ကျေးရွာသုံးစိုက်ခင်းဧက ၁၀၀ စိုက်ပျိုးပြီးစီးမှု၊ သဘာဝတောဧက ၇၀၀၀ ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်မှု၊ သစ်တောဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် ဖြန့်ဝေစိုက်ပျိုးထားသော မကွေးမြို့နယ် တယ်ပင်ကန်ရွာ တစ်ရွာတစ်ဧကစိုက်ခင်း ရှင်သန်အောင်မြင်မှုနှင့် ယင်းဆိပ်သစ်တောပျိုးဥယျာဉ်နှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မကွေးမြို့မ ပျိုးဥယျာဉ်၌ ပျိုးထောင်ထားရှိမှုတို့ကိုလည်းကောင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဆိပ်ဖြူမြို့နယ် ပေါက်ပင်ကန် ပျိုးဥယျာဉ်၌ ပျိုးပင်ပေါင်း တစ်သိန်းခြောက်သောင်းကျော်ကို လည်းကောင်း၊ ချောက်မြို့နယ် ရွှေပုံတောင်ပျိုးဥယျာဉ်၌ ပျိုးပင်ပေါင်း တစ်သိန်းတစ်သောင်းကျော် ပျိုးထောင်ထားရှိမှုနှင့် ရွှေပုံတောင်ဒေသ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တမာပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့တွင် ညောင်ဦးမြို့နယ် ဗူးကင်းတောင်ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ပူးပေါင်းစိုက်ပျိုးထားသည့် သစ်တောစိုက်ခင်း ရှင်သန်အောင်မြင်မှု၊ သစ်တောဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ သစ်တောလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအဖွဲ့တို့ ပူးပေါင်းစိုက်ပျိုးထားသည့် ကမ္ဘားနီကျေးရွာအနီးရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း၊ ချောက်ဘုရားလှ ပျိုးဥယျာဉ်၌ ပုဂံ-ညောင်ဦးဒေသစိမ်းလန်းစိုပြည်ရေးနှင့် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ ယူကလစ်အပင် ၂၀ ဖြန့်ဝေစိုက်ပျိုးရန်အတွက် ပျိုးပင်ပေါင်း တစ်သိန်းတစ်သောင်းကျော် ပျိုးထောင်ထားရှိမှု၊ မိတ္ထီလာမြို့နယ် အမှတ်(၁)ခရိုင်ချင်းဆက်လမ်းဘေး လျှော်ဖြူကန် ကျေးရွာအနီး စိုက်ပျိုးထားသော ကျေးရွာသုံးစိုက်ခင်းဧက ၂၀၀ ရှင်သန်အောင်မြင်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

၂၀၁၁ ခုနှစ် မိုးရာသီကာလအတွင်း နိုင်ငံတစ်ဝန်းလုံး သစ်ပင်စိုက်ပျိုးရေးလဖြစ်သည့် ဇူလိုင်လအတွင်း ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် သစ်ပင်မျိုးစုံ သန်း ၃၀ ကျော် စိုက်ပျိုးနိုင်ရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ သစ်ပင်ပျိုးထောင်မှုလုပ်ငန်းများ၊ ပျိုးပင်များအား စိုက်ပျိုးမည့်နေရာအရောက် သယ်ယူရေးကိစ္စရပ်များ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

✪ ဆေးလိပ်နှင့် ဆေးရွက်ကြီးမှ

အသုံးစရိတ်၊ ပြည်သူလူထုကသုံးစွဲရသည့် ကျန်းမာရေးအသုံးစရိတ်များသည်လည်း သိသာစွာ လျော့နည်းကျဆင်းလာမည်ဖြစ်သည့်အပြင် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ဥပဒေကို သိရှိနားလည် လိုက်နာနိုင်အောင် ဥပဒေပါအချက်များကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်း၊ ဌာနဆိုင်ရာများက လိုအပ်သည့် ညွှန်ကြားလွှာများ ထုတ်ပြန်ပေးခြင်း၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆောင်ပုဒ်မှာ "The WHO Framework Convention on Tobacco Control" "ဆေးလိပ် ဆေးရွက်ကြီးအန္တရာယ်ကင်းဝေးဖို့ ဥပဒေစည်းကမ်း အလေးထားလို့ ဝိုင်းဝန်းလိုက်နာ ဆောင်ရွက်စို့" ဟူ၍ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသည့် ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှု ကပ်ရောဂါဆိုးကြီးကို အောင်မြင်စွာ ထိန်းချုပ်နိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း တစ်ရပ်ကို အဖွဲ့ဝင်နိုင်ငံများက လေးနှစ်ကြာ ညှိနှိုင်းရေးဆွဲခဲ့ပြီး ၂၀၀၃ ခုနှစ် မေလတွင် ကျင်းပခဲ့သည့် (၅၆)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံ၌ အတည်ပြုခဲ့ကြကြောင်း၊ အဆိုပါ ကွန်ဗင်းရှင်းရေးဆွဲရေး အဆင့်များတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ အစဉ်တစိုက် ဆွေးနွေးခဲ့ကြသည့်အပြင် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှဒေသတွင်း ညှိနှိုင်းအစည်းအဝေးများကိုလည်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ကြောင်း၊ ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံက ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီ ၂၀ ရက်တွင် အတည်ပြုခဲ့ကြောင်း။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာသည့်အလျောက် ကွန်ဗင်းရှင်းပါ အချက်များကို အခြေခံသည့် ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၆ ခုနှစ် မေ ၄ ရက်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ်(၅/၂၀၀၆) အဖြစ် ပြဋ္ဌာန်းခဲ့ကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက်လည်း နိုင်ငံတော်အစိုးရက ယခု ၂၀၁၁ ခုနှစ်အတွင်းတွင် နှီးနွှယ်ဌာနများ ပါဝင်သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း ဖြင့်လည်း ထည့်သွင်းပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တ ဌာနေကိုယ်စားလှယ် Dr. Krongthong Thimasam ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တ ဌာနေကိုယ်စားလှယ် Dr. Krongthong Thimasam က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကမ္ဘာ့ ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

၂၀၁၁-၂၀၁၂ ပညာသင်နှစ် တနင်္သာရီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၃၁

တနင်္သာရီတိုင်းဒေသကြီးအတွင်း အခြေခံပညာအလယ်တန်းကျောင်း ၆၀၊ အလယ်တန်းကျောင်းခွဲ ၃၃ကျောင်း၊ တွဲဖက်အလယ်တန်းကျောင်း ၃၅ ကျောင်းနှင့် မူလတန်းလွန်ကျောင်း ပေါင်း ၂၂၀တို့ကို ဖွင့်လှစ်ထားပေးသည့်အပြင် အထက်တန်းကျောင်းအဆင့်ကို တက်လှမ်း၍ ပညာသင်ယူနိုင်ရေးအတွက် အထက်တန်းကျောင်း ၃၉ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၂၀နှင့် တွဲဖက်အထက်တန်းကျောင်း ၁၆ ကျောင်းတို့ကိုလည်း ဖွင့်လှစ်ထားပေးပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၄၄ ကျောင်းကိုလည်း ဖွင့်လှစ်ခွင့်ပြုထားကာ မူလတန်းနှင့်အလယ်တန်းအဆင့်ပညာကို သင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း ၂၀၀၁-၂၀၀၂ ပညာသင်နှစ်တွင် ငါးနှစ်ပြည့်ကလေးများ ကျောင်းဝင်နှုန်းသည် ၉၃ ဒသမ ဝ၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ပြီးခဲ့သည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ၉၈ ဒသမ ဝ၇ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း၊ ကျောင်းနေရန် အခက်အခဲရှိသည့် ကလေးများ၊ ကျောင်းပျက်ကွက်သည့် ကလေးများအတွက် မိဘများနှင့်ဆွေးနွေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးခြင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ယခင်နှစ်တက်ရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ကျောင်းပြန်တက်စေရန် စိစစ်ကြပ်မတ်ခြင်းစသည့် ကျောင်းနေမြဲရေးလုပ်ငန်းစဉ်(၂)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်က ယနေ့ နံနက် ၉ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား၌ အမှာစကားပြောကြားသည်။

လှူဒါန်း

တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာနမှ Education For All အစီအစဉ်ဖြင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာများ၊ ဗလာစာအုပ်များ စုစုပေါင်း တန်ဖိုးငွေကျပ် ၄၃၃ ဒသမ ၆၃ သိန်း၊ တိုင်းဒေသကြီး ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ အလှူရှင်စေတနာရှင်များက လှူဒါန်းငွေနှင့် ကွန်ပျူတာအလုံး ၂၀ အပါအဝင် တန်ဖိုးငွေကျပ် ၆၆၂ ဒသမ ၈၅ သိန်း စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၉၆ ဒသမ ၄၈ သိန်း လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒီဇိုင်းချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

လပွတ္တာ မေ ၃၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ပြင်စလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မေ ၂ ရက်တွင် အဖွဲ့ဝန်ထမ်းများက မြို့ပေါ်ရှိ ရေတွင်းများအတွင်း နုန်း၊ သဲ တူးဖော်ခြင်း ဆောင်ရွက်နေမှုကို မြို့နယ်တာဝန်ခံ ဦးစိုးဝဏ္ဏဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းမင်း တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၁-၅-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၃၃၀၀	၀. ၀၃၂၉၇
တရုတ် (ယွမ်)	၆. ၄၈၀၆၂	၀. ၁၅၄၃၁
အိန္ဒိယ (ရူပီး)	၄၅. ၀၄၅၀	၀. ၀၂၂၂၀
မလေးရှား (ရင်းဂစ်)	၃. ၀၁၀၅၀	၀. ၃၃၂၁၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၃၇၃	၀. ၈၁၀၅၅
ဂျပန် (ယန်း)	၈၁. ၅၉၁၉	၀. ၀၁၂၂၆
တောင်ကိုရီးယား(ဝမ်)	၁၀၇၉. ၀၄	၀. ၀၀၀၉၃
ယူရို	၀. ၆၉၄၉၃	၁. ၄၃၉၀၀
ဗြိတိသျှ (ပေါင်)	၀. ၆၀၆၇၉	၁. ၆၄၈၀၃

အင်တာနက်။

မေ ၇ ရက်က အင်းစိန်မြို့နယ် အောင်ဇေယျမင်္ဂလာဇင်း ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးတွင် မဂ္ဂဇင်းအယ်ဒီတာချုပ် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဘိုကြည် [ဒေါက်တာဗိုလ်သံမဏိ (တောင်တွင်းကြီး)]က မဂ္ဂဇင်းထုတ်ဝေရေးနှင့် ပတ်သက်၍ ပြောကြားစဉ်။ (ကြေးမုံ)

ကွယ်လွန်သူ မိဘနှစ်ပါးနှင့် ဆရာကြီး ဦးလွန်းစိန်တို့အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေမာလာရိပ်မွန်နေ မိခင် ဒေါ်ခင်ရွှေ သား ကိုတင်မောင်ထူး၊ သမီး မယဉ်ယဉ်မြင့် မိသားစုက ဇီဝိတ ဒါနသံဃာ့ဆေးရုံသစ် ခြောက်ထပ် ဆေးရုံသစ်ကြီး တည်ဆောက်ရန် မတည်အလှူငွေနှင့် ဘုရားခန်း အတွက် မတည်အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းစဉ်။

(ဇီဝိတဒါန)

အိန္ဒိယနှင့် ပါကစ္စတန် စီယာချန်ရေခဲမြစ်ဆွေးနွေးပွဲ မအောင်မြင်

အိန္ဒိယနှင့်ပါကစ္စတန် နှစ်နိုင်ငံတာဝန်ရှိသူများကို ဆွေးနွေးပွဲမစမီတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နယူးဒေလီ မေ ၃၁

အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံတို့၏ ဟိမဝန္တာဒေသရှိ ကမ္ဘာ့အမြင့်ဆုံးစစ်မြေပြင်ကို စစ်မဲ့ဇုန်ထူထောင်ရေးဆွေးနွေးပွဲသည် အင်္ဂါနေ့တွင် အောင်မြင်မှုမရရှိဘဲ ပြီးဆုံးခဲ့သည်။

နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများသည် စီယာချန်ရေခဲမြစ်ကို စစ်မဲ့ဇုန်အဖြစ်သတ်မှတ်ရေး၊ ယင်းဒေသမှ နှစ်ဖက်တပ်ဖွဲ့ဝင်များရုပ်သိမ်းရေးနှင့် နှစ်နိုင်ငံတရားဝင်နယ်နိမိတ်သတ်မှတ်ရေးတို့ကို နှစ်ရက်ကြာတံခါးပိတ်ဆွေးနွေးပွဲအား နယူးဒေလီမြို့၌ ကျင်းပခဲ့သည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၀၀၀၀ အမြင့်၌ တည်ရှိသည့် စီယာချန်ရေခဲမြစ်ကို စစ်မဲ့ဇုန်အဖြစ်သတ်မှတ်ရေးမှာ လိုအပ်ချက်တစ်ရပ်အဖြစ် အိန္ဒိယနှင့်ပါကစ္စတန် နှစ်နိုင်ငံလုံးက လက်ခံထားသည်။ သာ၍ကြီးမားသောအငြင်းပွားလျက်ရှိသည့် ကက်ရှမီးယားကဲ့သို့သော ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် အခြေခံလှေကားထစ်တစ်ခုအဖြစ် ရှုမြင်ကြသည်။

နှစ်နိုင်ငံပူးတွဲကြေညာချက်တွင် ဆွေးနွေးပွဲ၌ တိုးတက်မှုတစ်စုံတစ်ရာရရှိကြောင်းမဖော်ပြနိုင်သော်လည်း ဆွေးနွေးပွဲများကို နှစ်နိုင်ငံလုံးက ကြိုဆိုကြောင်းဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့တွင် နောက်တစ်ကြိမ်ဆွေးနွေးပွဲကို ကျင်းပမည်ဟု ဆိုသည်။

ရေခဲများဖုံးလွှမ်းလျက်ရှိသည့် ဟိမဝန္တာဒေသ၌ တပ်စွဲထားသည့် နှစ်ဖက်တပ်ဖွဲ့ဝင်များသည် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်သော ကျည်ဆန်များထက် ကြမ်းတမ်းသောရာသီဥတုနှင့် ရေခဲတောင်များ မကြာခဏ ပြိုကျမှုတို့ကြောင့် ပိုမိုသေဆုံးကြရသည်ဟု ကျွမ်းကျင်သူများကဆိုသည်။

ပိုင်ဆိုင်မှုအငြင်းပွား

ယင်းရေခဲမြစ်သည် ၁၉၄၇ခုနှစ် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရပြီးကတည်းက သုံးကြိမ်တိုင်တိုင် စစ်ဖြစ်ခဲ့သော နှစ်နိုင်ငံအကြားပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသည့် နယ်မြေများအနက်မှ တစ်ခုဖြစ်သည်။

ပြီးဆုံးခဲ့သည့် အဆိုပါဆွေးနွေးပွဲသည် ၂၀၀၈ ခုနှစ်အတွင်း မွမ်ဘိုင်းမြို့ကို ပါကစ္စတန်အခြေစိုက် အကြမ်းဖက်သမားများက တိုက်ခိုက်ပြီးနောက် ချူကလီးယားလက်နက်ပိုင်ရှင် အိမ်နီးချင်းနှစ်နိုင်ငံအကြား ရပ်ဆိုင်းသွားခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ခြင်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

ရိုက်တာ။

ကုလသမဂ္ဂ၌ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ရရေး ပါလက်စတိုင်း ခေါင်းဆောင်များ ကြိုးပမ်းမည်

ရာမာလာ မေ ၃၁

ကုလသမဂ္ဂ၌ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ဝင်ရောက်ခွင့်ပြုရန်လျှောက်ထားသည့်လုပ်ငန်းစဉ်ကို ဇူလိုင်လတွင် စတင်မည်ဖြစ်ကြောင်း ပါလက်စတိုင်းခေါင်းဆောင်များက မေ ၃၁ ရက်တွင် ပြောကြားကြသည်။

ကုလသမဂ္ဂ၌ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ရရှိရေးအတွက် ဇူလိုင်လလယ်မှစ၍ အာရပ်နိုင်ငံများနှင့် ညှိနှိုင်းသွားမည်ဖြစ်ကြောင်း ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့(ပီအယ်လ်အို) အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင် ဆာရိအီရီကတ်က ကာတာနိုင်ငံ ဒိုဟာမြို့သို့ ရောက်ရှိနေချိန်အတွင်း ပါလက်စတိုင်းရေဒီယိုသို့ ပြောကြားသည်။

ကုလသမဂ္ဂ၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေးကိစ္စတွင် အထူးသဖြင့် အမေရိကန်နိုင်ငံက ဗီတိုအာဏာဖြင့် ကန့်ကွက်မှုမပြုလုပ်စေရေးအတွက် အာရပ်နိုင်ငံများမှတစ်ဆင့် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အာရပ်အဖွဲ့ချုပ်၏ အစည်းအဝေးကို ဒိုဟာ၌ကျင်းပခဲ့ရာတွင် ပါလက်စတိုင်းနိုင်ငံတော် ထူထောင်ရေးကိစ္စကို ဆွေးနွေးခဲ့ကြသည်။

အစ္စရေးနှင့် အာရပ်ကမ္ဘာအကြား ငြိမ်းချမ်းမှုတည်ဆောက်ရေး၊ ကုလသမဂ္ဂ၌ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါလက်စတိုင်းနိုင်ငံတော်ကို အသိအမှတ်ပြုရေးတို့ကို အဆိုပါအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်ကျင်းပရန် အမေရိကန်သမ္မတ ဘာရက်အိုဘားမားက မကြာသေးမီက တိုက်တွန်းခဲ့သည်။

ရိုက်တာ။

ဂျပန်နိုင်ငံ၏ မော်တော်ယာဉ်ပို့ကုန် ဧပြီလ၌ ၆၀ ရာခိုင်နှုန်းကျဆင်း

တိုကျို မေ ၃၁

ဂျပန်နိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုသည် ဧပြီလတွင် လွန်ခဲ့သည့်နှစ် အလားတူကာလကထက် ၆၀ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းသွားကြောင်း၊ မတ် ၁၁ ရက်တွင် ဖြစ်ပွားခဲ့သော မြေငလျင်လှုပ်ခတ်မှုနှင့် ဆူနာမီရေလှိုင်းရိုက်ခတ်မှုတို့၏ အကျိုးဆက်အဖြစ် မော်တော်ယာဉ်လုပ်ငန်းကျဆင်းသွားခြင်းဖြစ်ကြောင်း မော်တော်ယာဉ်ထုတ်လုပ်သူများအသင်းက မေ ၃၁ ရက်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံ၌ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှုကြောင့် ဒေသဆိုင်ရာကုန်ထုတ်လုပ်မှုလုပ်ငန်းအများအပြား ထိခိုက်နစ်နာခဲ့ရပြီး တင်ပို့ရောင်းချမှုအပိုင်းတွင်လည်း ကျဆင်းခဲ့ရကြောင်း အဆိုပါအသင်းက ပြောကြားသည်။

ဂျပန်နိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုသည် မတ်လတွင် ၅၇ ဒသမ ၃ ရာခိုင်နှုန်းအထိကျဆင်းခဲ့သည်။ ဂျပန်နိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံများ၏ မော်တော်ယာဉ်ထုတ်လုပ်မှုသည် ဧပြီလတွင် ၂၉၂၀၀၁ စီးအထိ ကျဆင်းသွားသည်။ ခရီးသည်တင်ကားထုတ်လုပ်မှုဘက်တွင် ၆၀ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းကာ ၂၄၉၇၇၂ စီးအထိ ကျဆင်းခဲ့သည်။ ထရပ်ကားထုတ်လုပ်မှုတွင်မူ ၅၇ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး ၄၀၃၀၅ စီးအထိကျဆင်းခဲ့သည်။

ဧပြီလ၌ မော်တော်ယာဉ်တင်ပို့မှု ၆၇ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းကာ ၁၂၆၀၆၁ စီးသာရောင်းချနိုင်ခဲ့သည်။ ခရီးသည်တင်ကား ပြည်ပသို့တင်ပို့ရောင်းချမှုသည် ၆၇ ဒသမ ၃ ရာခိုင်နှုန်းသို့ ကျဆင်းကာ ၁၁၃၂၉၁ စီးသာ တင်ပို့ပေးနိုင်ခဲ့သည်။ ထရပ်ကားတင်ပို့ရောင်းချမှုမှာမူ ၆၈ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး ၁၀၉၁၇ စီးသာ တင်ပို့ပေးနိုင်ခဲ့ကြောင်း အဆိုပါအသင်းက ပြောကြားသည်။

အင်တာနက်။

ဂျပန်တိုယိုတာကားထုတ်လုပ်ရေး စက်ရုံတစ်နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျာမနီ နျူကလီးယားဓာတ်အားပေးစက်ရုံများကို ၂၀၂၂ ခုနှစ် နောက်ဆုံးထား၍ ပိတ်သိမ်းမည်

ဘွန်း မေ ၃၁

ဂျာမနီနိုင်ငံရှိ နျူကလီးယားဓာတ်အားပေးစက်ရုံအားလုံးကို ၂၀၂၂ ခုနှစ် နောက်ဆုံးထား၍ အဆင့်လိုက်ပိတ်သွားရန် အာဏာရညွန့်ပေါင်းအဖွဲ့က သဘောတူညီလိုက်ပြီဖြစ်ကြောင်း အစိုးရ အထက်တန်းတာဝန်ရှိသူတစ်ဦးက မေ ၃၀ ရက်တွင် ပြောကြားသည်။

အာဏာရညွန့်ပေါင်းအဖွဲ့၏ အစည်းအဝေးတစ်ရပ်အပြီးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး နော်ဘတ်ရော့ဂျင်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဂျပန်နိုင်ငံရှိ ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံ၌ အဏုမြူဓာတ်ရောင်ခြည်ဘေးအန္တရာယ်ပေါ်ပေါက်ခဲ့ပြီးနောက် ဂျာမနီနိုင်ငံ၏ နျူကလီးယားလျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲမှုဆိုင်ရာ အကျိုးသက်ရောက်မှုများကို ပြန်လည်သုံးသပ်ရန် ဝန်ကြီးချုပ် အိန်ဂျယ်လာမာကဲလ်က နီတိကျင့်ဝတ်ကော်မတီတစ်ရပ်ကို ထူထောင်ပေးခဲ့ပြီးဖြစ်သည်။

ဂျာမနီနိုင်ငံရှိ သက်တမ်းအရင့်ဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံ ခုနစ်ရုံနှင့် ခရူအမ်မယ်နျူကလီးယားဓာတ်အားပေးစက်ရုံတို့ကို စတင်ပိတ်သိမ်းမည်ဖြစ်သည်။

နောက်ထပ် နျူကလီးယားဓာတ်အားပေးစက်ရုံ ခြောက်ရုံကို ၂၀၂၁ ခုနှစ်ထက် နောက်မကျဘဲ ပိတ်သိမ်းမည်ဖြစ်ပြီး နောက်ဆုံးတည်ဆောက်ခဲ့သော နျူကလီးယားစက်ရုံသုံးရုံကို ၂၀၂၂ ခုနှစ်တွင် ပိတ်သိမ်းမည်ဖြစ်သည်။

အင်တာနက်။

သခွားသီးမှ ကူးစက်သော ဗက်တီးရီးယားပိုးကြောင့် ဂျာမနီတွင် ၁၄ ဦးသေဆုံး

ဘာလင် မေ ၃၁

ဂျာမနီနိုင်ငံတွင် ပြည်ပမှတင်သွင်းသော သခွားသီးအတွင်း ဗက်တီးရီးယားပိုးတစ်မျိုးပါဝင်မှုကြောင့် အစာအဆိပ်သင့်မှု ဖြစ်ပွားလျက်ရှိရာ ၁၄ ဦးထက်မနည်း သေဆုံးပြီး လူရာပေါင်းများစွာ နာမကျန်းဖြစ်ရပြီးနောက် အစိုးရအဖွဲ့က အရေးပေါ်အစည်းအဝေးခေါ်ယူခဲ့ကြောင်း မေ ၃၁ ရက် သတင်းတွင် ဖော်ပြသည်။

ပြည်ပမှတင်သွင်းသော သခွားသီးများ၌ လူကိုဘေးအန္တရာယ်ပေးနိုင်သော ဗက်တီးရီးယားပိုးသစ်တစ်မျိုးကို တွေ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းသခွားသီးများကို စပိန်နိုင်ငံမှတင်သွင်းခြင်းဖြစ်သည်။ ဂျာမနီ၌ သခွားသီးဆိုင်ရာ ဗက်တီးရီးယားပိုးကြောင့် လူသေဆုံးမှုရှိသည်ဆိုသောသတင်းများ ပေါ်ထွက်လာပြီးနောက် ဘယ်လ်ဂျီယံနှင့် ရုရှားတို့က စပိန်မှ သခွားသီးတင်သွင်းမှုကို ပိတ်ပင်လိုက်သည်။

သို့ရာတွင် စပိန်နိုင်ငံကမူ ယင်းကျန်းမာရေးပြဿနာအတွက် တာဝန်မရှိဟု ငြင်းဆိုသည်။ စပိန်နိုင်ငံသည် သခွားသီးပို့ကုန် ဆုံးရှုံးနစ်နာမှုများအတွက် ဥရောပသမဂ္ဂ(အီးယူ)မှ တစ်ဆင့် လျော်ကြေးတောင်းခံမည်ဟု ဆိုသည်။

ဂျာမနီမြောက်ပိုင်း၌ လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ကျော်က အစာအဆိပ်သင့်မှုဖြစ်ရပ် ပထမဆုံး ပေါ်ထွက်လာခဲ့ပြီးနောက် ဗက်တီးရီးယားပိုးဆိုင်ရာ နာမကျန်းသူဦးရေ ၁၂၀၀ အထိ ဖြစ်ပွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အစာအဆိပ်သင့်မှုနှင့်ဆက်နွှယ်၍ သေဆုံးသူသုံးဦးမှာ ဗက်တီးရီးယားပိုးကြောင့်ဖြစ်ရကြောင်း ဂျာမနီနိုင်ငံရှိ ရောဂါဘယလေ့လာရေးသိပ္ပံက အတည်ပြုပြီး တစ်နိုင်ငံလုံးတွင် အစာအဆိပ်သင့်မှုကြောင့် ၁၂ ဦးခန့်အထိ သေဆုံးရသည်ဟု ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

ဂျာမနီ၌ဖြစ်ပွားသော အစာအဆိပ်သင့်မှုသည် E.Coli ဗက်တီးရီးယားပိုးကြောင့်ဖြစ်ရကြောင်း ဥရောပရောဂါတားဆီးရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာနက ပြောကြားသည်။ ယခုကဲ့သို့ အစာအဆိပ်သင့်မှုသည် ဂျာမနီနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် အဆိုးရွားဆုံးသော ပြည်သူ့ကျန်းမာရေးပြဿနာဖြစ်ကြောင်း ဆွီဒင်နိုင်ငံ စတော့ဟုမ်းအခြေစိုက် အဆိုပါဌာနက ပြောကြားသည်။

သခွားသီးမှတစ်ဆင့် ဗက်တီးရီးယားပိုး ကူးစက်ခံရသူများသည် အူလမ်းကြောင်းဆိုင်ရာ သွေးယိုစီးမှုဖြစ်စေသော E.Coli ရောဂါဖြစ်ပွားခြင်းဟုတ်၊ မဟုတ် စစ်ဆေးလေ့လာနေဆဲဖြစ်သည်။

အင်တာနက်။

လွန်ခဲ့သည့်နှစ်နှစ်က ပျက်ကျခဲ့သောလေယာဉ်မှ ၇၅ ဦး၏ ရုပ်အလောင်းများကို ဆယ်ယူရရှိ

ပါရီ မေ ၃၁

လွန်ခဲ့သည့်နှစ်နှစ်က ဘရာဇီးနိုင်ငံပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ ပျက်ကျခဲ့သော အဲဖရန့်စ်ပြင်သစ်လေကြောင်းဌာနမှ ခရီးသည်တင်လေယာဉ်တစ်စင်း၏ အပျက်အစီးများအတွင်း ၇၅ ဦး၏ ရုပ်အလောင်းများကို ဆယ်ယူရရှိကြောင်း ပြင်သစ်သတင်းဌာနများက မေ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ရှာဖွေတွေ့ရှိရသော ရုပ်အလောင်းများသည် မည်သူမည်ဝါတို့၏ ရုပ်အလောင်းများဖြစ်သည်ကို အတည်ပြုနိုင်ခြင်း မရှိသေးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဲဖရန့်စ်လေကြောင်းဌာနမှ ခရီးသည်တင် လေယာဉ်တစ်စင်းသည် ၂၀၀၉ ခုနှစ် ဇွန် ၁ရက်က အတ္တလန္တိတ်သမုဒ္ဒရာအတွင်းသို့ ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ၂၂၈ ဦးလုံး သေဆုံးခဲ့သည်။

ပျက်ကျခဲ့သော ခရီးသည်တင်လေယာဉ်၏ အပျက်အစီး အပိုင်းအစများကို ဧပြီလအစောပိုင်းက ရှာဖွေတွေ့ရှိခဲ့သည်။ ပင်လယ်ရေအောက်သို့ငုပ်လျှိုးနိုင်သော စက်ရုပ်ရေငုပ်သင်္ဘောငယ်များဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ရုပ်အလောင်းအများအပြားမှာ လေယာဉ်ကိုယ်ထည်အတွင်း ရှိနေဆဲဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက ပြောကြားခဲ့ကြသည်။ လေယာဉ်ပျက်ကျခဲ့ပြီး ရက်အနည်းငယ်အတွင်း အလောင်း ၅၀ ခန့်ကိုသာ ရရှိခဲ့သည်။

ဧပြီလအတွင်း လေယာဉ်ပျံသန်းမှုဆိုင်ရာ မှတ်တမ်းတင် ရီကော်ဒါစက်များကို ရှာဖွေတွေ့ရှိခဲ့ပြီး လေယာဉ်ပျက်ကျရသည့် အကြောင်းတရားများကို ရှာဖွေဖော်ထုတ်နေဆဲဖြစ်သည်။

အဆိုပါလေယာဉ်ပျက်ကို ဘရာဇီးနိုင်ငံ ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ကီလိုမီတာ ၁၀၀၀ ခန့်အကွာတွင် ရှာဖွေတွေ့ရှိခဲ့သည်။

အင်တာနက်။

အဲဖရန့်စ်လေယာဉ်၏ အပျက်အစီးများကို ဆယ်ယူနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား အာရှသဘာဝဘေးအန္တရာယ် လျော့ပါးရေးဌာနမှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၃၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အာရှသဘာဝဘေးအန္တရာယ် လျော့ပါးရေးဌာနမှ အမှုဆောင်ညွှန်ကြားရေးမှူး Dr. Bhichit Rattakul ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ အာရှသဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**(ယာပုံ)**

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သုံးခွမြို့၌ သာသနာ့ဗိမာန် တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၁

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့သို့ ရောက်ရှိပြီး သုံးခွမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော သုံးခွမြို့နယ် ကျောင်းအပ်နှံရေး အခမ်းအနားသို့ တက်ရောက်၍ ဗလာစာအုပ် ဒါဇင် ၁၀၀ နှင့် ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြို့မရေလည်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တလင်္ကာရအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းနှင့် စတီးသပိတ်တို့ကို ဆက်ကပ်လှူဒါန်းကြပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ သုံးခွမြို့ သာသနာ့ဗိမာန် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး ဘုတလင်မြို့နယ် တရော်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်နှင့် ခန်းမဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား၌ တာဝန်ရှိသူထံ ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကျောင်းဆောင်သစ်နှင့် ခန်းမဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ဘုတလင်မြို့နယ်၌ ကျင်းပ

နေပြည်တော် မေ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် တရော်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်နှင့်ခန်းမဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၂၇ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ အေးမေတ္တာခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင် ဦးအောင်ရင်က ကျောင်းဆောင်သစ်၊ ခန်းမဆောင်သစ်တို့နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီးပညာရေးမှူး ဦးမြထွန်းက လက်ခံသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများနှင့် စာသင်ခုံအစုံ ၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများက လက်ခံကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ယုန်လေးကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ဆုံကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့သို့ ရောက်ရှိပြီး ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ ကျောင်းအပ်နှံရေးဆောင်ရွက်နေမှုကို ကြည့်ရှု၍ ပညာသင်စရိတ်များ၊ ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးစိုးတင့် ဧရာဝတီတိုင်းဒေသကြီး လမ်း၊ တံတားများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မေ ၂၉ ရက် နံနက် ၇ နာရီခွဲတွင် ဖျာပုံ-ဘိုကလေးလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဘိုကလေး - စက်ဆန်း - ထော်ပိုင်-အမာလမ်းနှင့် အောက်နတ်ချောင်းတံတား ပြီးစီးမှု၊ ဖွင့်ပွဲအခမ်းအနား ကျင်းပရန် ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဘိုကလေးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် ဘိုးပိုင်လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ ဖျာပုံ-ဘိုကလေးလမ်းပေါ်ရှိ ကျုံကူတံတား ကြံ့ခိုင်မှု အခြေအနေ၊ ပြုပြင်ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် မအူပင်-ဆားမလောက်လမ်းတစ်လျှောက် လမ်းအခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ညနေ ၅ နာရီခွဲတွင် ဧရာဝတီတံတား (ညောင်တုန်း) စီမံကိန်း လုပ်ငန်းခွင် ပုသိမ်ဘက်ကမ်း၌ ချဉ်းကပ်လမ်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဧရာဝတီတံတား (ညောင်တုန်း)စီမံကိန်းလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျန်းမာရေးနှင့် ဆေးသိပ္ပံ

ပိုမို၍ အန္တရာယ်ကြီးမားသော ကိုလက်စထရော ပုံစံသစ်ရှာဖွေတွေ့ရှိ

လူ့ခန္ဓာကိုယ်သွေးများအတွင်း ကိုလက်စထရော(cholesterol)ခေါ် သွေးတွင်းအဆီဓာတ် "အကောင်း" "အဆိုး" ပုံစံနှစ်မျိုးရှိသည့်အနက် ယခုအခါတွင် သုတေသီများက ပိုမို၍ အန္တရာယ်ကြီးမားသော "အဆိုးလွန်" ကိုလက်စထရော (ultra-bad cholesterol) ပုံစံနောက်တစ်မျိုးကို ရှာဖွေတွေ့ရှိထားကြောင်း ကျန်းမာရေးဆိုင်ရာ သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အဆိုပါ အဆိုးလွန်ကိုလက်စထရော (MG min low-density lipoprotein) ကို အင်္ဂလန်နိုင်ငံ ဝေါဝစ်က်တက္ကသိုလ်မှ သုတေသီများက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

လေ့လာတွေ့ရှိချက်အသစ်အရ အဆိုးလွန်ကိုလက်စထရောသည် သာမန်ကိုလက်စထရော အဆိုးထက် ပိုမို၍ သွေးလွှတ်ကြောနံရံများတွင် စွဲကပ်ကာ ပိုမို၍လည်း အန္တရာယ်ကြီးမားသည်ဟု သုတေသီများက ယုံကြည်ကြသည်။ အဆိုပါ အဆိုးလွန် ကိုလက်စထရောကြောင့် သွေးတိုး၊ နှလုံး၊ လေဖြတ်ခြင်းနှင့် နှလုံးနှင့် သက်ဆိုင်သော အခြားရောဂါများဖြစ်ပွားရန် ပိုမို၍ အလားအလာရှိပြီး နီးစပ်ကြောင်း၊ ကိုလက်စထရောနှင့် စပ်လျဉ်း၍ အသစ်ထပ်မံလေ့လာတွေ့ရှိမှုများကြောင့် ကုသရေးဆိုင်ရာ နည်းလမ်းသစ်များပေါ်ထွက်လာရန် မျှော်လင့်နိုင်ကြောင်းဖြင့် သွေးတိုးရောဂါဆိုင်ရာ ဂျာနယ်တွင် ရေးသားဖော်ပြထားသည်။

ကိုလက်စထရောဆိုသည်မှာ

စင်စစ်အားဖြင့် ကိုလက်စထရောဆိုသည်မှာ လူ့ခန္ဓာကိုယ်ကျန်းမာရေးအတွက် လိုအပ်ချက်တစ်ရပ်ဖြစ်ပြီး အဆိုပါ လိုအပ်ချက်အတွက် လူ့ခန္ဓာကိုယ်က သဘာဝအလျောက်ထုတ်လုပ်ပေးကာ အချို့ကိုမူ အစားအစာများ စားသုံးရာမှ ရရှိသည်။ သို့ရာတွင် သွေးအတွင်း၌ ကိုလက်စထရော ပုံစံနှစ်မျိုးကွဲပြားခြားနားပါရှိနေရာ တစ်ခုမှာ "အကောင်း" ဖြစ်ပြီး အခြားတစ်ခုမှာ "အဆိုး" ဖြစ်သည်။ အဆိုးလွန်ကဲနေခြင်း (သို့မဟုတ်) အကောင်းလျော့နည်းနေခြင်း စသည့် အခြေအနေများကြောင့် နှလုံးရောဂါ၊ ရုတ်တရက် နှလုံးဖောက်ပြန်ခြင်း၊ လေဖြတ်ခြင်းတို့ ဖြစ်ပွားတတ်သည်။

ကိုလက်စထရော၏ ရင်းမြစ်နှစ်ရပ်မှာ လူ့ခန္ဓာကိုယ်နှင့် အစားအစာတို့မှဖြစ်ရာ သွေးတွင်းကိုလက်စထရော ၇၅ ရာခိုင်နှုန်းခန့်ကို အသည်းနှင့် အခြားဆဲလ်များက ထုတ်လုပ်ပေးပြီး ကျန် ၂၅ ရာခိုင်နှုန်းကိုမူ စားသုံးသော အစားအစာများမှ ရရှိခြင်းဖြစ်သည်။ အစားအစာဟု ဆိုရာတွင်လည်း တိရစ္ဆာန်ထွက် စားသုံးကုန်များမှသာလျှင် ကိုလက်စထရောကို ရှာဖွေတွေ့ရှိနိုင်သည်။

လူတို့၏ ကျန်းမာရေးအတွက် မိမိတို့ ခန္ဓာကိုယ်သွေးတွင်း ကိုလက်စထရော ပုံစံနှစ်မျိုးပါဝင်မှုနှုန်းထားအခြေအနေကို သိရှိနေရန် လိုအပ်ရာ ကိုလက်စထရော (အကောင်း)ပါဝင်နှုန်းကို HDL ဖြင့်လည်းကောင်း၊ ကိုလက်စထရော(အဆိုး) ပါဝင်နှုန်းကို LDL ဖြင့်လည်းကောင်း တိုင်းတာဖော်ပြသည်။ ကျန်းမာသော အဆင့်တွင်ရှိနေသည့် HDL အဆင့်သည် ရုတ်တရက်နှလုံးဖောက်ပြန်ခြင်းနှင့် လေဖြတ်ခြင်းတို့ကို ကာကွယ်ပေးပြီး HDL အဆင့်နိမ့်ကျသွားမည်ဆိုပါက (အမျိုးသားများတွင် 40 mg/dl ထက်လျော့နည်းပြီး အမျိုးသမီးများတွင် 50 mg/dl ထက် လျော့နည်းမည်ဆိုပါက) နှလုံးရောဂါဖြစ်ပွားမည့်အန္တရာယ်နှင့် နီးစပ်နေပြီ ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

မိမိတို့၏ ကျန်းမာရေးအတွက် HDL အဆင့်ကို ပိုမိုကောင်းမွန်လိုပါက ပုံမှန်ကိုယ်လက်လှုပ်ရှားခြင်း၊ ပြည့်ဝဆီစားသုံးမှုကို လျှော့ချခြင်းနှင့် အာဟာရမျှတစွာစားသောက်ခြင်းတို့ ပြုလုပ်ရန် အကြံပြုထားပြီး အကယ်၍ ဤမျှနှင့် မလုံလောက်ပါက ဆေးဘက်ဆိုင်ရာ လမ်းညွှန်မှုနှင့် အကူအညီများကို ရယူကြရမည်ဖြစ်ကြောင်း အမေရိကန် နှလုံးရောဂါဆိုင်ရာအသင်းကြီးက ဖော်ပြထားသည်။

ဇင်ထူး



နေပြည်တော်ကောင်စီဝင် ဦးသန်းအောင် အေလာတိုက်နယ်ဆေးရုံအတွက် လေအေးပေးစက် ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၃၁

နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်သည် မေ ၃၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော် လယ်ဝေးမြို့နယ် အေလာကျေးရွာအုပ်စု တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး တိုက်နယ်ဆေးရုံအတွက် လေအေးပေးစက်တစ်လုံး ပေးအပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ ကျေးရွာအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များအား တွေ့ဆုံပြီး ကျောင်းအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကာ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်၍ ပညာရေးဆိုင်ရာများ မှာကြားခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် မြို့ရှောင်လမ်းမကြီးသို့ ဆက်သွယ်သော ကုန်ထုတ်လမ်း ဖောက်လုပ်မည့် လမ်းအူကြောင်းနေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး အမြို့မြို့အနယ်နယ်တွင် ထောက်ပံ့ကူညီပေး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၃၁

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တို့က ထောက်ပံ့ကြေးများ ပေးအပ်ကြသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား မူလတန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ အလယ်တန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်း၊ အထက်တန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းနှင့် အဆင့်မြင့်ပညာအဆင့် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ဝန်ထမ်း ၇၅ ဦးတို့၏ သားသမီးများအတွက် စုစုပေါင်းငွေကျပ် ၁၅ ဒသမ ၅၅ သိန်း ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ထောက်ပံ့ကြေးပေးအပ်

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၁-၂၀၁၂ ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၂၀၁၁-၂၀၁၂ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး သီတင်းပတ်နေ့ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြဦးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းက အလှူငွေကျပ် တစ်သိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးက အလှူငွေကျပ် တစ်သိန်း၊ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ အလှူငွေများ၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူစဉ်။ (၂၂၅)

မန္တလေးမြို့ပေါ်ရှိ ကျောင်းများ၏ ကျောင်းအပ်နှံရေးဆောင်ရွက်မှု ညွှန်ကြားရေးမှူးချုပ်(တာဝန်) လှည့်လည်ကြည့်ရှု

နေပြည်တော် မေ ၃၁

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးရဲလွင်အောင်သည် မေ ၂၇ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းသားမိဘများနှင့် တွေ့ဆုံကာ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတော်က မူလတန်းကျောင်းသား၊ ကျောင်းသူများအတွက် ဖတ်စာအုပ်များ အခမဲ့ဖြန့်ဝေပေးမှု၊ မိဘများ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးအတွက် ဌာနမှ သတ်မှတ်ထားသည့် ငွေကြေးမှအပ အခြားမည်သည့် ငွေကြေးမျှ ပေးသွင်းရန် မလိုမှုတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၁-၂၀၁၂ ပညာသင်နှစ် အတွင်း လှိုင်သာယာမြို့နယ် ဒိုင်စုကျေးရွာ အမက(၅)(လခွဲ)ကျောင်းသို့ အဏ္ဏဝါလွှမ်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးခင်စိုးကိုယ်စား ဦးထွန်းဝင်း (ဒါရိုက်တာအဖွဲ့ဝင်)က ကျောင်းသား၊ ကျောင်းသူ ၁၇၀၀ အတွက် ထီး၊ ဖိနပ်၊ လွယ်အိတ်၊ ကျောင်းဝတ်စုံနှင့် ဆရာမ ၃၅ ဦးတို့အတွက် ဝတ်စုံစရိတ် ငွေကျပ်သိန်း ၁၆၀ ကို ကျောင်းအုပ်ဆရာကြီး ဦးရွှေဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

မြို့သစ် မေ ၃၁

၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဝန်ထမ်း သားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို မေ ၂၃ ရက် နံနက် ၁၀ နာရီက အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးက ဝန်ထမ်း ၁၇ ဦးတို့၏ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်တို့တွင် ပညာသင်ကြားနေသော သားသမီး ၂၄ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေး စုစုပေါင်း ငွေကျပ် ၂၄၀၀၀၀ ကို ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကျောင်းအပ်နှံရေးနေ့ တပ်ကုန်း၌ ကျင်းပ

နေပြည်တော် မေ ၃၁

တပ်ကုန်းမြို့နယ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို တပ်ကုန်းမြို့အထက(၁) ကျောင်းခန်းမ၌ မေ ၂၆ ရက်က ကျင်းပရာ နိုင်ငံတော်မှ အခမဲ့ထောက်ပံ့သော မူလတန်း ပုံနှိပ်စာအုပ်များကို မြို့နယ်ပညာရေးမှူးက ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ထို့နောက် ကျောင်းနေရန် အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငွေကျပ် ၁၀ သိန်း **(အောက်ပုံ)**၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ငွေကျပ်နှစ်သိန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာမြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။ (၅၆၄)

ကျောင်းအပ်နှံရေးနေ့ ရေတာရှည်၌ ကျင်းပ

ရေတာရှည် မေ ၃၁

ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ဦးဆောင်၍ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ရေတာရှည်မြို့ အထက်တန်းကျောင်း၌ မေ ၂၆ ရက် နံနက်တွင်လည်းကောင်း၊ ကျောင်းကျန်းမာရေး အသိပညာပေး အခမ်းအနားကို ရေတာရှည်မြို့ ရွှေကြက်ယက် (အလက)၌ လည်းကောင်း ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးဥက္ကဋ္ဌ ဒေါ်မေသူက ကျောင်းသား၊ ကျောင်းသူများအသုံးပြုနိုင်ရန် လိုအပ်သည့် ကျောင်းသုံးစာအုပ်များနှင့် ကျန်းမာရေးအတွက် လိုအပ်သည့် ပညာပေးစာစောင်များကိုလှူဒါန်းခဲ့ပြီး အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၂၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ (၅၇၈)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အတွက် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး၊ ကျောင်းနေမြဲရေးနှင့် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၂၅ ရက်က အထက(၁)ကျောက်တံတား စကားဝါခန်းမ၌ ကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးက ကျောင်းသား၊ ကျောင်းသူ ၃၅ ဦးတို့အတွက် ငွေသားနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်စဉ်။

(ခရိုင်ပြန်/ဆက်)

ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မေ ၂၃ ရက်က အစည်း အဝေးခန်းမ၌ကျင်းပရာ စုစုပေါင်းငွေကျပ် ၂၄၆၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင် ပေးအပ်စဉ်။

(၅၄၀)

မိုးကောင်း၌ ကျောင်းအပ်နှံရေးနေ့ ကျင်းပ

မိုးကောင်း မေ ၃၁

၂၀၁၁-၂၀၁၂ ပညာသင်နှစ် မိုးကောင်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီက မိုးကောင်းမြို့ အထက(၁)မဥ္ဇူသကခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လင်း တက်ရောက်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန်းမြင့်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ (၄၉၉)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Khamthorn Pumhiran တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၃၁

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းက ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Khamthorn Pumhiran အား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ကျင်းပသည်။

ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ခေတ္တတည်းခိုသည့် ဟိုတယ်မှ ဇေယျာသီရိဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ ဇေယျာသီရိဗိမာန်ရှေ့၌ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)အား ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်က ၎င်းနှင့်အတူ လိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် တပ်မတော်အရာရှိကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း ထိုင်းဘုရင့် တပ်မတော် ရေတပ်ဦးစီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

တွေ့ဆုံ

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Khamthorn Pumhiran ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)



နေပြည်တော် မေ ၃၁

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် Admiral Khamthorn Pumhiran ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာ၌ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်အတူ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်သူရသက်ဆွေနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စစ်သံမှူးလည်း တက်ရောက်သည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်၌ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် မေ ၃၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်Admiral Khamthorn Pumhiranနှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ တစ်ဆင့် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကာ မွန်းလွဲ ၂ နာရီတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာ၍ **(အပေါ်ပုံ)**ထိုင်းဘုရင့် တပ်မတော် ရေတပ်ဦးစီးချုပ်က ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော်ပရိဝုဏ်အတွင်းရှိ သာသနိက အဆောက်အအုံများအား လှည့်လည်ကြည့်ရှုလေ့လာ၍ ထိုင်းဘုရင့်တပ်မတော် ရေတပ်ဦးစီးချုပ်က ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ စေတီတော်အတွက် အလှူငွေများကို ထည့်ဝင်လှူဒါန်းသည်။ (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ဗြိတိန်နိုင်ငံ၏ အရောင်းရဆုံးတေးအယ်လ်ဘမ်စာရင်း၌ အဒီးလ်၏ စိုးမိုးမှုကို လေဒီဂါဂါအဆုံးသတ်

အမေရိကန် အဆိုကျော် လေဒီဂါဂါ။

ဗြိတိန်နိုင်ငံ၏ အရောင်းရဆုံးတေးအယ်လ်ဘမ်စာရင်း၌ ဗြိတိသျှအဆိုတော် အဒီးလ်၏ စိုးမိုးနေမှုကို အမေရိကန်အဆိုကျော် လေဒီဂါဂါက အဆုံးသတ်လိုက်ပြီဖြစ်သည်။

လေဒီဂါဂါ၏ Born This Way တေးအယ်လ်ဘမ်သည် ဖြန့်ချိပြီး ပထမပတ်အတွင်း အချပ်ရေ ၂၁၅၀၀၀ ရောင်းချခဲ့ရပြီး ဗြိတိန်နိုင်ငံ၏ အရောင်းရဆုံးတေးအယ်လ်ဘမ်များစာရင်း၌ နံပါတ်တစ်နေရာသို့ ရောက်ရှိလာပြီ ဖြစ်သည်။

ဗြိတိသျှအဆိုတော် အဒီးလ်၏ ဒုတိယမြောက်တေးအယ်လ်ဘမ် ၂၁ သည် ပြီးခဲ့သည့် ရက်သတ္တ ၂၁ ပတ်တွင် ၁၆ ပတ်ကြာ နံပါတ်တစ်နေရာကို စိုးမိုးထားခဲ့ရာမှ ယခုအခါ နံပါတ်နှစ်နေရာသို့ ဆင်းပေးလိုက်ရပြီဖြစ်သည်။

အဒီးလ်၏ ပထမတေးအယ်လ်ဘမ်ဖြစ်သည့် ၁၉ သည် တတိယနေရာသို့ ရောက်ရှိသွားသကဲ့သို့ လေဒီဂါဂါ၏ The Fame တေးအယ်လ်ဘမ်သည်လည်း ရောင်းအားကောင်းနေဆဲဖြစ်ပြီး နံပါတ်ခုနစ်နေရာတွင် ရပ်တည်လျက်ရှိသည်။

"ဗြိတိန်နိုင်ငံမှာ ကျွန်မရဲ့တေးအယ်လ်ဘမ်ပထမပတ်အတွင်း ရောင်းအားအကောင်းဆုံး နံပါတ်တစ်နေရာ ရပ်တည်နိုင်ခဲ့လို့ ကျွန်မ အလွန်ပဲ ဂုဏ်ယူကျေနပ်ပါတယ်။ ကျွန်မပရိသတ်တွေရဲ့ ယုံကြည်မှုနဲ့ တစိုက်မတ်မတ် အားပေးလှုံ့ဆော်မှုတွေကြောင့် ဒီတေးအယ်လ်ဘမ်ကို အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့မှာ ရေးဖွဲ့ဖြစ်ခဲ့တာပါ"ဟု လေဒီဂါဂါက ပြောကြားသည်။ ***အင်တာနက်။***

ကိုယ့်ဇာတ်ဝင်ခန်းကို ကိုယ်ပြန်ကြောက်နေသည့် ဟယ်ရီပေါ်တာ မင်းသမီး အမ်မာဝက်ဆန်း

ဟယ်ရီပေါ်တာ မင်းသမီးလေး အမ်မာဝက်ဆန်းက သူမပါဝင်သရုပ်ဆောင်ရိုက်ကူးထားပြီး မကြာမီဖြန့်ချိပြသမည့် Harry Potter and the Deatly Hallows; Part 2 ဇာတ်ကားတွင် အချို့ဇာတ်ဝင်ခန်းများသည် ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ထားသော်လည်း မိမိကိုယ်တိုင် အလွန်ကြောက်ရွံ့တုန်လှုပ်မိကြောင်း ထုတ်ဖော်ပြောကြားသည်။

ဟယ်ရီပေါ်တာ ဇာတ်ကားများတွင် ဟာမီဝမ်း ဂရန်ဂါအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူ အမ်မာက အထူးပြုလုပ်ချက်များနှင့် ဖန်တီးထားသည့် အချို့ဇာတ်ဝင်ခန်းများသည် သရုပ်မှန်အတိုင်း တင်ပြထားသကဲ့သို့ အမှန်တကယ် အသက်ဝင်ကာ အလွန်ကြောက်စရာကောင်းသည်ဟု ဆိုသည်။

အသက်(၂၁)နှစ်သာ ရှိသေးသည့် ဟယ်ရီပေါ်တာ မင်းသမီးလေး အမ်မာကို မကြာမီဖြန့်ချိပြသမည့် My Week with Marilyn ဇာတ်ကားတွင်လည်း မြင်တွေ့ရဖွယ်ရှိပြီး လာမည့် ဇူလိုင် ၁၅ ရက်တွင် ထုတ်လုပ်ဖြန့်ချိမည့် Harry Potter and the Deatly Hallows; Part 2 ဇာတ်ကားတွင် ကြည့်ရှုကြရမည်ဖြစ်သည်။ ***အင်တာနက်။***

အောဝမ်းစိုး

ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးရေးစံပြကွင်းများထူထောင်ပြီး လေ့ကျင့်သင်ကြား တတ်မြောက်ထားသောပညာရပ်များကို လယ်ယာလုပ်ငန်းခွင်၌ လက်တွေ့ပါဝင်လုပ်ဆောင်

နေပြည်တော် မေ ၃၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဓိကတာဝန် (၃)ရပ်ဖြစ်သည့် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း မျိုးသန့်မျိုးစေ့များကို တောင်သူလယ်သမားများ လက်ဝယ်သို့ လုံလောက်အောင်ဖြန့်ဖြူးနိုင်ရေးတာဝန်၊ တောင်သူလယ်သမားများ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်များကို လက်တွေ့ထိရောက်အောင်မြင်စွာသုံးတတ်နိုင်စေရေးအတွက် စံပြစိုက်ကွင်းများ ထူထောင်ပြီး လေ့ကျင့်သင်ကြားပေးရန်တာဝန်နှင့် စဉ်ဆက်မပြတ် သုတေသနလုပ်ငန်းများနှင့် လက်တွေ့စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးလုပ်ငန်းတာဝန်တို့ကို စိုက်ပျိုးရေးပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင် လုပ်ဆောင်ကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မေ ၃၀ ရက် နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် စုဝေးဆောင်ခန်းမ၌ စိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ကထိကများ၊ ဆရာ၊ ဆရာမများ ၊ ဘွဲ့လွန်၊ ဘွဲ့ကြိုတတိယနှစ်၊ စတုတ္ထနှစ် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံစဉ် အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆရာ၊ ဆရာမများ ကျောင်းသား၊ ကျောင်းသူများသည် မျိုးဆက်အလိုက် နိုင်ငံ့တာဝန်ကို ရေရှည်ထမ်းရွက်နေကြမည်ဖြစ်သည့်အတွက် တာဝန်ကို ခံယူချက်ကောင်းကောင်းဖြင့် ကြိုးစားလုပ်ဆောင်သွားကြရန်နှင့် ခေတ်လူငယ်များပီသစွာ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် မိမိတို့နိုင်ငံ ခေတ်နောက်ကျမကျန်စေရေး ယုံကြည်ချက်၊ ခံယူချက်ကောင်းကောင်းဖြင့် ကြိုးစားအားထုတ်ကြရန်လည်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးခင်ဇော်က မိမိတို့လေ့လာသင်ယူတတ်မြောက်ထားသော ပညာရပ်များကို စာသင်ခန်းထဲတွင် ချန်မထားဘဲ လယ်သမားများနှင့် တစ်သားတည်း လယ်ယာလုပ်ငန်းခွင်၌ လက်တွေ့ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကြိုးပမ်းလုပ်ဆောင်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့်ပျိုးထောင်စိုက်ပျိုးထားသော အထူးအထွက်တိုးစပါးမိဘမျိုးစိုက်ခင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တောင်သူပညာပေးစိုက်ခင်းအဖြစ် စိုက်ပျိုးထားသော အထူးအထွက်တိုးစပါးစိုက်ခင်းနှင့် အထွက်ကောင်းမျိုးငါးဧက ကြံစိုက်ခင်းတို့သို့ ရောက်ရှိပြီး သက်တမ်း ငါးလသားအရွယ်ရှိ တစ်ဧက ပျမ်းမျှတန် ၅၀ အထက်ထွက်ရှိမည့် ကြံစိုက်ခင်းကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ ကျင်းပ

နေပြည်တော် မေ ၃၁

၂၀၁၁ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီးက ဖတ်ကြားသည်။

ရှမ်းပြည်နယ်(၂၀၁၁)ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီ တွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်းက ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ခန်းမအတွင်း ပြသထားသည့် ကျန်းမာရေးပညာပေးပြခန်းကို လိုက်လံကြည့်ရှု လေ့လာကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၁ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီ တွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး တက်ရောက်၍ အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့ထံမှ ပေးစာများ

မှတ်တိုင်နေရာမှန် ရပ်စေလို

စာတည်းရှင့်-

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ ဘတ်စ်ကားမှတ်တိုင်နေရာမှန်တွင် ကားများမရပ်ဘဲ ယုဇနတာဝါအနီး ကားအတက်အဆင်းလမ်းဆုံတွင် ပိတ်ဆို့ရပ်တန့်၍ လူအတင်အချများ ပြုလုပ်နေပါသည်။ သို့ပါ၍ ယင်းလမ်းဆုံ၌ ယာဉ်အန္တရာယ်များ ဖြစ်စေနိုင်ပါသဖြင့် လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

မီးပွိုင့်အနီးနေထိုင်သူများ

လမ်းများပျက်စီး၍ ကားဂိတ်သိမ်းချိန်စော

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ လှော်ကားလမ်းမကြီး ပျက်စီးနေသဖြင့် ဘတ်စ်ကားများ အချိန်စောပြီး ဂိတ်သိမ်းနေကြပါသည်။ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ သွားလာရေး အခက်အခဲ ဖြစ်နေပါ၍ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ခရီးသည်တစ်ဦး**

ယာဉ်ကြောပိတ်ဆို့မှု ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမရှိ သီရိမင်္ဂလာဈေးသစ်နှင့် ဘုရင့်နောင်ဈေးရှေ့တို့တွင် စည်းကမ်းမဲ့ဘတ်စ်ကားများနှင့် အငှားယာဉ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ နေ့စဉ်ဖြစ်ပေါ်နေပါသည်။ အလားတူ လှိုင်သာယာမြို့နယ် ရန်ကုန်-ညောင်တုန်းလမ်းမကြီးပေါ်ရှိ စက်မှုဇုန်မှတ်တိုင်၊ ဘုရားလမ်းမှတ်တိုင်၊ မီးခွက်ဈေးမှတ်တိုင်နှင့် ရုံးရှေ့မှတ်တိုင်တို့တွင်လည်း အနေးယာဉ်နှင့် ဘတ်စ်ကားများ စည်းကမ်းမဲ့ရပ်ထားမှုကြောင့် ယာဉ်ပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပါ၍ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ခရီးသွားများ**

ခွေးလေခွေးလွင့် ရှင်းလင်းပေးစေလို

စာတည်းရှင့်-

ရန်ကုန်မြို့ တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ဓမ္မစိန္တာလမ်း(အလယ်)တွင် ခွေးလေခွေးလွင့်များပြားနေ၍ လမ်းသွားလမ်းလာများ မကြာခဏ ခွေးကိုက်ခံနေရပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **ခွေးကြောက်သူ**

ကျေးရွာဈေးအတွင်း ညအိပ်နေမှု ရှင်းလင်းပြီး

၁၃-၅-၂၀၁၁ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၀) ပြည်သူ့ထံမှပေးစာများတွင် ဖော်ပြပါရှိသည့် ကျေးရွာဈေးအတွင်း **ညအိပ်နေသူများ ရှင်းလင်းစေချင်** ခေါင်းစဉ်ပါကိစ္စရပ်နှင့် ပတ်သက်၍ ၁၆-၅-၂၀၁၁ ရက်နေ့တွင် စည်ပင်သာယာရေးဥပဒေ ဈေးစည်းကမ်းများနှင့်အညီ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)

သက်ကြီးပူဇော်၊ ပညာရည်ချွန်ဆုပေး၊ အလှူငွေပေးအပ်

ကျိုက်ထို မေ ၃၁

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)မှ ဦးစီး၍ ကျိုက်ထိုမြို့နယ်တွင် ဒုတိယအကြိမ်မြောက် နိုင်ငံတော်မှ ချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးရ ဆရာတော်နှင့် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူငွေပေးအပ်ပွဲကို မေ ၂၉ ရက်က ကျိုက်ထိုမြို့ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ထို့နောက် မြို့နယ်အသင်းအတွက် တောင်တက်မော်တော်ယာဉ်အသင်းမှ ငွေကျပ် ၁၀ သိန်းကို ဥက္ကဋ္ဌ ဦးဝိတင်က လှူဒါန်းရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဦးစိုးနိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အသက် (၇၅)နှစ်နှင့်အထက် သက်ကြီး ၂၀ အား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ပူဇော်ကန်တော့ပြီး ၂၀၁၀ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦးအား တစ်ဘာသာလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် (ကော့စံနိုင်)နာရေးကူညီမှုအသင်းအတွက် ကုလားထိုင်အလုံး ၅၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"မဇ္ဈိမပဋိပဒါလမ်းစဉ်"တရားတော်
၆း၄၀	ထူးမြတ်ပူဇော်ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၁)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၇၉)**
၈း၅၀	တန်ခိုးထွဋ်ခေါင်ရွှေနတ်တောင်
၉း၁၀	မြစ်သားမြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး
၉း၂၀	ရန်ကုန်မြင်ကွင်းကျယ်
၉း၃၀	အားကစားမြင်ကွင်းစုံ
၁၀း၀၅	ဥယျာဉ်မှူးတို့ရဲ့ပီတိအပြုံးများ
၁၀း၂၀	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၀း၂၅	Industrial Talk
၁၁း၀၀	ရန်ကုန်မြင်ကွင်းကျယ်
၁၁း၀၅	ဓာတ်ပုံထဲမှအမှတ်တရများ
၁၁း၂၅	ရန်ကုန်မြင်ကွင်းကျယ်
၁၁း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၀	စားချင်စဖွယ်နည်းအသွယ်သွယ်
၁၂း၂၅	မြန်မာ့ရတနာရွှေစိမ်းပြာ အကြောင်းဆွေးနွေးခြင်း
၁း၀၀	"မဇ္ဈိမပဋိပဒါလမ်းစဉ်"တရားတော်
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၁)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၇၉)**
၄း၅၀	ဂျပွင်ကျေးရွာမှထူးမြတ်တဲ့ ရွှေထီးတော်တင်လှူပူဇော်ပွဲ
၅း၀၅	ဒါနခြိမ့်သဲသံတွဲမြို့ရဲ့ ပုလဲကျောင်းအလှူပွဲ
၅း၁၅	ဖူးလှည့်ဖို့ ဖိတ်ခေါ်ပါသည်. . . မန်းမန္တလာက. . .
	အိမ်တော်ရာစေတီ
၅း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	ရန်ကုန်မြင်ကွင်းကျယ်
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၂)**
၇း၂၀	Cartoon Show Time
၈း၀၀	MRTV-4 သတင်း
၈း၃၀	သင်ကြားရေးလမ်းညွှန်
၉း၀၀	Celebrity Style
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၈၀)**
၁၀း၂၀	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၁၀း၄၀	အိမ်ရှင်မတို့အသည်းစွဲ စိန်ခဲ၊ ရွှေခဲ၊ ငွေခဲ ကြော်ငြာရိုက်ကွင်း အမှတ်တရ
၁၁း၀၀	ဘဝများ (ဝဏ္ဏခွာနီး)
၁၁း၃၅	မြန်မာအက္ခရာ အသုံးပြုနိုင်သော. . . CDMA Mobile Phone
၁၁း၅၀	World of Knowledge
၁၂း၄၀	ကွမ်းစားခြင်းနှင့် ခံတွင်းရောဂါ အန္တရာယ်
၁၂း၄၅	လှုပ်ရှားစုံမြန်မာ့သုခမဇာတ်ခုံ
၁း၁၅	ပြင်ဦးလွင်ရဲ့ ရွှေခြသေ့
၁း၃၀	ကိုယ်ပိုင်ဟန်ဖက်ရှင်
၁း၄၅	လက်ဖက်စိုက်တဲ့ရွာကလေး
၂း၀၀	သက်ကြီးမသန်စွမ်းကျောင်း၏ အသက်မွေးမှုပညာရပ်များ
၂း၁၅	ရှင်နှောင်းကျောင်းရောက်ပြီ
၂း၃၀	Shooting Location
၂း၅၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
၄း၁၀	အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ဆံတော်ရှင်ဦးဇိနစေတီ
၄း၂၀	ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၄း၄၅	စိန်ဘုရားများသီတင်းသုံးရာပဒ္မမှာ
၅း၀၀	အစီအစဉ်ပြီး။

တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် ဇာတိဂုဏ်လမ်းနေ နှစ်ဖက်သော မိဘများအားအမှူးထား၍ 2/E ကိုဇော်လင်းထွန်း(ခ)ကိုငယ်-ဒေါက်တာ အေးသူဇာ (Ph.D)၊ သား မောင်ထက်အောင်လင်း မိသားစုက ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ ငွေကျပ်တစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံစဉ်။ (ကြေးမုံ)

နေပြည်တော်ကောင်စီနယ်မြေ အခြေခံပညာကျောင်းများသို့ သန့်ရှင်းရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲကျင်းပ

နေပြည်တော် မေ ၃၁

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများသို့ သန့်ရှင်းရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးသန်းအောင်နှင့် ဦးမျိုးညွန့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က အမှာစကားပြောကြားရာတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း အခြေခံပညာကျောင်းများအား ကျောင်းဖွင့်ရက်အမီ အသစ်တည်ဆောက်ပေးခြင်း၊ ပြုပြင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ပညာသင်ကြားရေးသာမက ကျောင်းတွင်းနှင့် ကျောင်းပြင် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ ကျောင်းသား၊ ကျောင်းသူများ တစ်ကိုယ်ရေသန့်ရှင်းရေး တိုးတက်ကောင်းမွန်လာရေးအတွက် အလေ့အထကောင်းများ လေ့ကျင့်ပေးကြရန်၊ ကျောင်းသား၊ ကျောင်းသူများ ရေလောင်းအိမ်သာ သန့်စင်ခန်းများကို စနစ်တကျ အသုံးပြုတတ်ရန်အတွက် သင်ကြားပေးရန်၊ ကျောင်းနှင့်ပတ်ဝန်းကျင် သာယာလှပစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးရာသီအတွင်း အရိပ်ရစားပင်များ၊ ရတနာတန်းဝင် သစ်ပင်ကြီးများ၊ နှစ်ရှည်/ရာသီပန်းအလှပင်များကို စိုက်ပျိုးကြရန်၊ စေတနာရှင်များက ယနေ့ လာရောက်လှူဒါန်းခဲ့ကြသည့် ရေလောင်းအိမ်သာ သန့်စင်ခန်းများ၊ အမှိုက်ပုံးများ ရေရှည်အသုံးပြုနိုင်အောင် ဆရာ၊ မိဘနှင့် ကျောင်းသား၊ ကျောင်းသူများက စနစ်တကျ ထိန်းသိမ်းသုံးစွဲသွားကြရန် မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်တို့က အခြေခံပညာကျောင်းများသို့ သန့်ရှင်းရေး အထောက်အကူပြု ပစ္စည်းများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများသို့ သန့်ရှင်းရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ဦးသိန်းဆွေက ငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ အမှိုက်ပုံး ၁၀၀၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြမြတို့က ငွေကျပ် ၁၈၂ သိန်းတန်ဖိုးရှိ ရေလောင်းအိမ်သာ သန့်စင်ခန်း လေးခန်း တည်ဆောက်ခြင်းနှင့် အမှိုက်ပုံး ၅၀၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါ်နီလာသော်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသော တို့က ငွေကျပ် ၁၈၂ သိန်းတန်ဖိုးရှိ ရေလောင်းအိမ်သာ သန့်စင်ခန်း လေးခန်း တည်ဆောက်ခြင်းနှင့် အမှိုက်ပုံး ၅၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ယနေ့ အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်း ရှစ်ကျောင်းသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် အလှူရှင်များက စုစုပေါင်း ငွေကျပ် ၃၇၁ သိန်း တန်ဖိုးရှိ ရေလောင်းအိမ်သာ သန့်စင်ခန်း ရှစ်ခန်း ဆောက်လုပ်ခြင်းနှင့် သန့်ရှင်းရေးအထောက်အကူပြု ပစ္စည်းများဖြစ်သော အဖုံးပါ အမှိုက်ပုံး ၂၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေတိဂုံစေတီတော်၌ ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများအတွက် ဆွမ်းတော်ပွဲများ စီစဉ်ပေးမည်

ရန်ကုန် မေ ၃၁

ရွှေတိဂုံစေတီတော်၌ဆွမ်းဆက်ကပ်လှူဒါန်းလိုသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိသည့် ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စွာ ဆွမ်းဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ဆွမ်းတော်ပွဲများ စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သစ်သီးစုံပါဝင်သော ဆွမ်းတော်တစ်ပွဲလျှင် ငွေကျပ် ၁၀၀၀ မှ ငွေကျပ် ၁၅၀၀ အထိ သတ်မှတ်ထားပြီး ရွှေတိဂုံစေတီတော်မုခ်လေးမုခ်၌ ယခုလာမည့် ဝါဆိုလမှစတင်ကာ နေ့စဉ် နံနက် ၄ နာရီမှ နံနက် ၇ နာရီအတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ကျိုက်ထီးရိုး၊ မင်းဘူးရွှေစက်တော်စသည်တို့၌ ဘုရားဖူးလာပြည်သူများ အဆင်ပြေချောမွေ့စွာ ဆွမ်းဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားသည့်နည်းတူ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကလည်း အလားတူ စီစဉ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ***ညွန့်သန်း***

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇)မှ အရာရှိများက ကွယ်လွန်သွားကြသည့် အရာရှိများအား ရည်စူး၍ ရွှေဂုံတိုင် ကလေးပြုစုရေးဌာနသို့ အလှူငွေကျပ် ၇၀၃၀၀၀ ကို မေ ၂၉ ရက်က လှူဒါန်းရာ ရွှေဂုံတိုင် ကလေးပြုစုရေးဌာန အုပ်ချုပ်ရေးမှူး ဒေါ်ခင်မာအေး လက်ခံစဉ်။ (ကြေးမုံ)

ဖျာပုံမြို့နယ် ဧရာဝတီ စိမ်းလန်းမြေဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သဇင်နိုင်ထရေးဒင်း ကုမ္ပဏီလီမိတက်မှ Organic ဇီဝမြေဩဇာအသုံးပြုပုံနည်းပညာဆိုင်ရာ ရှင်းလင်းပွဲကို မေ ၂၄ ရက်က (၁၄) ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ကုမ္ပဏီဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် မန်နေဂျင်းဒါရိုက်တာ ဦးစိုးမိုးနိုင်တို့ တက်ရောက်ပြီး စိုက်ပျိုးရေးပညာရှင် ဦးစံလင်းက ရှင်းလင်းဆွေးနွေးဟောပြောစဉ်။ (ကြေးမုံ)

မေ ၂၇ ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အသောကာရုံ ရွှေကျင်စာသင်တိုက် ရွှေရတုကျောင်းဆောင်ခန်းမ၌ ပထမအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးမှုအခြေပြုသင်တန်း၌ ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က "ချစ်ခြင်းမေတ္တာနှင့် လူ့ပရမတ္ထ" ခေါင်းစဉ်ဖြင့် ဟောပြောပို့ချစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

[၁၃၇၃ ခုနှစ်၊ ကဆုန်လကွယ်နေ့၊ (ဥပုသ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အဂ္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၁၀ ၈။ "ကဆုန်လပြည့်ဗုဒ္ဓနေ့ ပါဝင်နွှဲပျော်ညောင်ရေသွန်းပွဲတော်"
- ၈း၂၅ ၉။ အတီးပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၂၀ ၃။ အဆိုပြိုင်ပွဲ
- ၄း၃၀ ၄။ တေးဂီတအစီအစဉ်
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ်(စီးပွားရေးပညာ အထူးပြု)(စီးပွားရေးပညာ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၅ ၇။ ရောင်စုံရေးသီတေးပန်းချီ
- ၅း၂၀ ၈။ "ကိုယ်တိုင်ရေးတဲ့သင်ခန်းစာ"
- ၅း၃၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၄၅ ၁၀။ "သဘာဝပတ်ဝန်းကျင် ထိန်းလိုလျှင်သုံးစွဲစေလိုစွန့်ပစ် အမှိုက်သုံးမီးဖို"
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ "မြန်မာ့သမိုင်းဝင်ခံတပ်များ"
- ၆း၃၅ ၁၄။ မြန်မာ့ဝေလေ့ရိုးရာလက်ဝှေ့
- ၆း၅၀ ၁၅။ ရွှေရင်ခုန်သံ
- ၇း၁၅ ၁၆။ "အရက်နှင့်ကျန်းမာရေး" (အပိုင်း-၂)
- ၇း၃၅ ၁၇။ အလင်္ကာကျော်စွာ ရွှေပြည်အေး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ်
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၆၃)**
- ၂၃။ **မြန်မာဗီဒီယိုဇာတ်လမ်း "မင်းရှိနေမှ" [မင်းသစ္စာ၊ ထက်ထက်မိုးဦး] (ဒါရိုက်တာ-နောင်ထွန်းလွင်)**
- ၂၄။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၃။ အစီအစဉ်ပြီး၏။

သင်္ဘောလုပ်ငန်းဆိုင်ရာ ဒီပလိုမာ ညနေပိုင်းသင်တန်း တက်ရောက်နိုင်

ရန်ကုန် မေ ၃၁

Advanced Diploma in Shipping Business (UK) နှင့် Professional Qualifying Diploma များအတွက် လိုအပ်သော ဘာသာရပ်များ၊ Advanced Diploma in Shipping Business(UK) ညနေပိုင်းသင်တန်းအတွက် Shipping Business နှင့် Logistics & Multimodel Transport နှစ်ဘာသာတို့ကို မြန်မာနိုင်ငံတွင် ရေကြောင်းဆိုင်ရာ ဘာသာရပ်ပညာများကို သင်ကြားသည့် School of logistics & Supply Chain Management သင်တန်းကျောင်းမှ ဇွန် ၁ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်၍ (ဗုဒ္ဓဟူး၊ သောကြာ၊ စနေ၊ တနင်္ဂနွေ) တစ်ပတ်တွင် လေးရက် ညနေပိုင်းများတွင် တက်ရောက်သင်ကြားရမည် ဖြစ်သည်။

အဆိုပါသင်တန်းကို တက်ရောက်ရန် စိတ်ပါဝင်စားသူများသည် အသေးစိတ်အချက်အလက်များကို တိုက် (၁) အခန်း (၃၈)ဘီ လှည်းတန်းလမ်းဆုံ အင်းစိန်လမ်းမ ကမာရွတ်မြို့နယ် ဖုန်း-၀၁-၅၂၇၂၄၃နှင့် ၀၉-၅၀၃၈၄၃၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

၂၀၁၁ ခုနှစ် ဇွန်လအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်နှင့် မေလအတွင်း မြန်မာနိုင်ငံအရပ်ရပ်၌ ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေများ

နေပြည်တော် မေ ၃၁

အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ မေ ၂၁ ရက်တွင် စတင်ဝင်ရောက်ခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများ၌ မေ ၂၆ ရက်၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ မေ ၂၉ ရက်တို့တွင် ဝင်ရောက်ခဲ့သည်။

မေလအတွင်း မိုးရွာရက်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁၇ ရက်မှ ၂၂ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၄ ရက်မှ ၂၉ ရက်ခန့် မိုးထစ်ချုန်းရွာသွန်းခဲ့သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေလကုန်အထိ ရွာသွန်းခဲ့ပြီး မိုးရွာသွန်းမှု အခြေအနေများမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း(ကသာမြို့)၊ မန္တလေးတိုင်းဒေသကြီး(မန္တလေးမြို့နှင့် ပျဉ်းမနားမြို့)၊ ရန်ကုန်တိုင်းဒေသကြီး(ကမ္ဘာအေး)၊ တနင်္သာရီတိုင်းဒေသကြီး (ကော့သောင်းမြို့)၊ ကချင်ပြည်နယ် (ဗန်းမော်မြို့) နှင့် ကယားပြည်နယ်(လွိုင်ကော်မြို့)တို့တွင် ရွာသွန်းမြဲထက်ကျော်ပြီး မိုးရွာသွန်းခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း(ဟုမ္မလင်းမြို့နှင့် မော်လိုက်မြို့)၊ မကွေးတိုင်းဒေသကြီး(ချောက်မြို့)၊ ကချင်ပြည်နယ် (ပူတာအိုမြို့)၊ ရခိုင်ပြည်နယ်(စစ်တွေမြို့)နှင့် မွန်ပြည်နယ်(သထုံမြို့)တို့၌ ရွာသွန်းခဲ့သော မိုးရေချိန်များသည် ရွာသွန်းမြဲကို မပြည့်မီဘဲ ရွာသွန်းမြဲအောက် လျော့နည်းနေခဲ့ပြီး ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ရွာသွန်းမြဲကို ပြည့်မီအောင် ရွာသွန်းခဲ့သည်။

ဇွန်လအတွင်းတွင် အနောက်တောင်မုတ်သုံလေသည် ဇွန်လ ပထမ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့ အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးအခြေအနေခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာသွန်းနိုင်သည်။

မိုးရွာရက်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၅ ရက်မှ ၁၉ ရက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၄ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၅ ရက်မှ ၉ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ရေအခြေအနေခန့်မှန်းချက်မှာ ဇွန်လအတွင်း ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်နှင့် ငဝန်မြစ်ရိုးတစ်လျှောက်ရှိ မြို့များ၌ မြစ်ရေများသည် လက်ရှိရေအမှတ်များ၏အထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေအမှတ်အသီးသီးကို ရောက်ရှိနိုင်ဖွယ်ရာမရှိကြောင်း သိရသည်။

မိုးဦးကာလ မိုးရွာသွန်းမှုမှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ ရွာသွန်းမြဲထက်ပိုပြီး မိုးရွာသွန်းနိုင်သည်။

မြန်မာနိုင်ငံမြစ်ကြီးများ၏ မြစ်ရေအခြေအနေမှာ လက်ရှိအားဖြင့် ရေအမြင့်များ အနည်းငယ် မြင့်တက်လာနိုင်သော်လည်း စိုးရိမ်ဖွယ်ရာ မတွေ့ရှိရသေးကြောင်း သိရသည်။

မုတ်သုံလေဝင်ရောက်မှုနှင့် မုန်တိုင်းဖြစ်ပေါ်မှု အခြေအနေများနှင့် ပတ်သက်၍ ကြိုတင်သတိပေးချက်နှင့် သတင်းများကို မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ထူးခြားသော မိုးလေဝသအခြေအနေများနှင့် ပတ်သက်၍ ကြိုတင်သတိပေးချက်များ၊ သတင်းများကို သိရှိလိုပါက မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ Websiteဖြစ်သော www. moezala.gov.mm သို့လည်းကောင်း၊ နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ အလိုအလျောက်ဖြေကြားစက် ၄၁၁၂၅၂နှင့် ၆၆၇၇၆၆ တို့သို့လည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ သတင်းစာများနှင့် FM ရေဒီယိုများမှလည်းကောင်း ကြည့်ရှုနားဆင်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

နေပြည်တော်တွင် လက်ရည်စမ်းပြိုင်ပွဲများ ယှဉ်ပြိုင်လေ့ကျင့် စခန်းသွင်းနေထိုင်မှုနှင့် ကျွေးမွေးစားသောက်မှု ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် မေ ၃၁

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမသို့ ရောက်ရှိကာ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၊ သိုင်းအဖွဲ့ချုပ်နှင့် ဝူရှူးအဖွဲ့ချုပ်တို့မှ လက်ရွေးစင်အားကစားသမား မောင်/မယ်များ၏ လက်ရည်စမ်းပြိုင်ပွဲများ လေ့ကျင့်ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ လက်ရွေးစင်များက အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ကိုယ်အလေးချိန်တန်းအလိုက် လက်ရည်စစ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ လက်ရွေးစင်အားကစားသမားများကလည်းကောင်း၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ လက်ရွေးစင်အားကစားသမားများကလည်းကောင်း သရုပ်ပြပြိုင်ပွဲများဖြင့် ယှဉ်ပြိုင်ပြသကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး စခန်းသွင်းနေထိုင်မှု အခြေအနေနှင့် ကျွေးမွေးစားသောက်မှု အခြေအနေတို့ကို မေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်၊ သိုင်းအဖွဲ့ချုပ်နှင့် ဝူရှူးအဖွဲ့ချုပ်တို့မှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မုတ်သုံလေအားကောင်းနေ

နေပြည်တော် မေ ၃၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ခန္တီးမြို့တွင် ၅ ဒသမ ၀၄ လက်မ၊ မြောက်ဦးမြို့တွင် ၄ ဒသမ ၀၉ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၃၁ လက်မ၊ တောင်ကုတ်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ပလက်ဝမြို့နှင့် ဖျာပုံမြို့တို့တွင် ၂ ဒသမ ၂၈ လက်မစီနှင့် ကျောက်ပန်းတောင်းမြို့တွင် ၁ ဒသမ ၈၁ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေအားကောင်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

✻ ကျောဖုံးမှ

တစ်ရက်လျှင် ရွှံ့ရည်ကုဗမီတာ ၁၈၀၀၀၀ (ကုဗပေ ၆၀၀၀၀၀) အထိ မှုတ်ထုတ်ခဲ့သည်။

ရွှံ့မီးတောင်မှ ရွှံ့ရည်မှုတ်ထုတ်မှုကို ထိန်းချုပ်နိုင်ရေးအတွက် ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် ရွှံ့ရည်လွှမ်းမိုးမှုတားဆီးရေး ရေကာတာများ တည်ဆောက်ခဲ့သည့်တိုင်အောင် တစ်ရက်လျှင် ရွှံ့ရည်ကုဗမီတာ ၁၀၀၀၀၀ (ကုဗပေ ၃၂၈၀၀၀) ဆက်လက်မှုတ်ထုတ်နေဆဲဖြစ်သည်။

ဂျာမနီနှင့် ဗြိတိန်နိုင်ငံတို့မှ သိပ္ပံပညာရှင်များအဖွဲ့သည် ဆီဒိုယာဂျိုမီးတောင်၏ တွင်းတစ်တွင်းမှ မရပ်မနား မှုတ်ထုတ်နေသော ရွှံ့ရည်ပူများကို ကွင်းဆင်းလေ့လာမည်ဖြစ်သည်။

ရွှံ့မီးတောင်မှ ရွှံ့ရည်ပူများအား မှုတ်ထုတ်မှုဖြစ်ပေါ်လာစေသော အကြောင်းတရားများကို မိမိတို့လေ့လာမည်ဖြစ်ကြောင်း ဗြိတိသျှသိပ္ပံပညာရှင် ဂျက်ဖရီရစ်ချတ်က ပြောကြားသည်။

ပီတီလာပင်ဒိုဘရန်တက်စ်အမည်ရှိ စွမ်းအင်ကုမ္ပဏီသည် သဘာဝဓာတ်ငွေ့ အစမ်းတွင်းတူးဖော်ရာမှ ရွှံ့မီးတောင် စတင်ပေါက်ကွဲခဲ့ရသည်ဟုဆိုသည်။ သို့ရာတွင် ရပ်ဝေး၌လှုပ်သော မြေငလျင်၏အရှိန်ကြောင့် ရွှံ့မီးတောင်ပေါက်ကွဲရသည်ဟု ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

ဆီဒိုယာဂျို ရွှံ့မီးတောင် ပေါက်ကွဲမှုကြောင့် ဒေသခံမိသားစုပေါင်း ၁၃၀၀၀ ကျော် ထိခိုက်ခဲ့ရသည်။

အင်တာနက်။

အားကစားမြှင့်တင်စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

နိုင်ငံတကာ အားကစားသတင်းများ

နိုင်ငံတကာ အားကစားသတင်းများ နိုင်ငံတကာ အားကစားသတင်းများ

ချယ်လ်ဆီးနောက်ခံကစားသမား မိုက်ကယ်မန်စီယန်နီ ဟမ်းဘတ်သို့ ပြောင်းရွှေ့ဖွယ်ရှိ

လန်ဒန် မေ ၃၁

ချယ်လ်ဆီး နောက်ခံကစားသမား မိုက်ကယ်မန်စီယန်နီသည် ချန်ပီယံလိဂ် ဝင်ခွင့်ရထားသော ဟမ်းဘတ်အသင်းသို့ ပေါင်သုံးသန်းဖြင့် ပြောင်းရွှေ့ဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အင်္ဂလန်နိုင်ငံသား မန်စီယန်နီသည် ယူ-၂၁ အောက် ယူရို ၂၀၁၁ ပြိုင်ပွဲအတွက် အင်္ဂလန်အသင်း၏ လေ့ကျင့်ရေး အစီအစဉ်အဖြစ် မာလာဂါကွင်းတွင် လေ့ကျင့်နေရာမှ ပြီးခဲ့သည့် တနင်္လာနေ့က ဟမ်းဘတ်သို့ သွားရောက်ကာ ဆေးစစ်မှုများ ပြုလုပ်ခဲ့သည်။ ဟမ်းဘတ်တွင် တစ်ပတ်လုပ်ခလစာ ပေါင် ၄၀၀၀၀ ဖြင့် စာချုပ်ချုပ်ဆိုမည့် မိုက်ကယ်မန်စီယန်နီသည် ညာနောက်ခံနေရာတွင်သာမက ဗဟိုနောက်ခံနေရာအတွက်ပါ ကောင်းကောင်းကစားနိုင်သူဖြစ်သည်။ ဝုဗ်ဗာ ဟမ်တန်အသင်းတွင် အငှားစာချုပ်ဖြင့် သွားရောက်ကစားနေသည့် မန်စီယန်နီသည် ပုံမှန်ပွဲထွက်ခွင့်ရသည့် အသင်းမျိုးကိုသာ ပြောင်းရွှေ့လိုနေခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်း၏ နောက်တန်းတွင် ဒေးဗစ်လူးဝစ် နေရာရလာခြင်းကြောင့် မန်စီယန်နီ၏ ဆုံးဖြတ်ချက်မှာ မှန်ကန်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

အင်တာနက်။

ဂျာမန်ကလပ် ဟမ်းဘတ်သို့ ပြောင်းရွှေ့ဖွယ်ရှိနေသည့် ချယ်လ်ဆီးနှင့် အင်္ဂလန်နောက်ခံကစားသမား မိုက်ကယ်မန်စီယန်နီ။

ဒရော့ဘာနှင့် စာချုပ်သစ်ချုပ်ဆိုရန် ချယ်လ်ဆီး ကမ်းလှမ်းတော့မည်

လန်ဒန် မေ ၃၁

ချယ်လ်ဆီးအသင်းသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် တိုက်စစ်မှူးများဖြစ်သည့် ဒရော့ဘာနှင့် အနယ်လ်ကာတို့ကို အသင်းမှ ထွက်ခွာခွင့်ပေးမည်ဟု ဆိုထားသော်လည်း ယခုအချိန်တွင် ဒရော့ဘာကို စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှုများရှိလာခဲ့ပြီဟု သတင်းများ ပေါ်ထွက်လာခဲ့သည်။

တစ်ပတ် လုပ်ခလစာ ပေါင် ၁၃၀၀၀၀ ရရှိနေသည့် ဒရော့ဘာကို အသင်းဟောင်း မာဆေးလ်အသင်းက ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေသည်။ သို့သော် အသက် (၃၃) နှစ်ရှိ အိုင်ဗရီကို့စ် တိုက်စစ်မှူး ဒရော့ဘာကမူ ချယ်လ်ဆီးအသင်းတွင်သာ သူ၏ ကစားသမားဘဝကို မြှုပ်နှံလိုသည်။ ချယ်လ်ဆီးအသင်းသည် မိမိတို့၏ တိုက်စစ်မှူး ဒရော့ဘာကို ၂၀၁၃ ခုနှစ်အထိ စာချုပ်ချုပ်ဆိုရန် ရည်မှန်းထားသည်။

အင်တာနက်။

ဟန်သစ်



ချယ်လ်ဆီးအသင်းက စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒရှိနေသည့် ဒရော့ဘာ။

ဇွဲကပင်ကို ဂိုးပြတ်သွင်းပြီး နှစ်ပွဲဆက်နိုင်ပွဲရရှိခဲ့သည့် ရတ္တပူရယူနိုက်တက်

ရန်ကုန် မေ ၃၁

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၉) နောက်ဆုံးပွဲစဉ်ကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်း၌ ကျင်းပရာ ရတ္တပူရယူနိုက်တက်အသင်းက ဇွဲကပင်ယူနိုက်တက်အသင်းကို အနိုင်ရရှိသွားသည်။

ရတ္တပူရယူနိုက်တက် - **လေးဂိုး** (စတန်လေ-နှစ်ဂိုး၊ အောင်မြင့်ထွန်းနှင့် အောင်ဇော်မျိုး)

ဇွဲကပင်ယူနိုက်တက် - **ဂိုးမရှိ**

မကွေး F.C ကို အနိုင်ရရှိခဲ့၍ စိတ်ဓာတ်တက်ကြွနေသည့် ရတ္တပူရယူနိုက်တက်အသင်းမှာ ယနေ့ပွဲတွင် ဇွဲကပင်ယူနိုက်တက်ကို ဂိုးပြတ်အနိုင်ယူနိုင်ခဲ့သည်။ ဇွဲကပင်ယူနိုက်တက်အသင်းမှာ ယခုပွဲတွင်လည်း ခံစစ်ကိုသာ အသားပေးကစားခဲ့သော်လည်း ကိုးပွဲဆက် ရှုံးပွဲနှင့်ကြုံတွေ့ခဲ့ရပြီး အမှတ်မရရှိသေးဘဲ အမှတ်ပေးဇယားအောက်ဆုံးမှ ရုန်းမထွက်နိုင်သေးပေ။

ရတ္တပူရယူနိုက်တက်အသင်းမှာ စတန်လေ၊ မာတင်၊ ညွှန့်ဝင်း၊ အောင်မြင့်ထွန်းတို့ဖြင့် လူစုံထုတ်ကစားခဲ့ပြီး ပွဲစကတည်းက ဖိကစားနိုင်ခဲ့သည်။ ဇွဲကပင်ယူနိုက်တက်ကလည်း ခံစစ်ကိုစုပြုံကစားနေသောကြောင့် ရတ္တပူရအသင်းမှာ ဂိုးရရန် ရုန်းကန်ခဲ့ရပြီး ၃၄ မိနစ်တွင် ဂိုးစရခဲ့သည်။ ၃၄ မိနစ်တွင် တိုက်စစ်မှူး စတန်လေက ရတ္တပူရအတွက် အဖွင့်ဂိုးစတင်သွင်းယူခဲ့ပြီး ငါးမိနစ်အကြာတွင် အောင်မြင့်ထွန်းက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရတ္တပူရအသင်းကသာ ပွဲကိုစိုးမိုးသွားပြီး ၅၉ မိနစ်တွင် စတန်လေက တတိယဂိုး၊ ၈၅ မိနစ်တွင် အောင်ဇော်မျိုးက စတုတ္ထဂိုးတို့ကို သွင်းယူခဲ့သည်။

ယနေ့ပွဲစဉ်ကိုး အပြီးတွင် ရန်ကုန်ယူနိုက်တက်က ကိုးပွဲကစား (၂၀)မှတ်ဖြင့် ပထမ၊ ဇေယျာရွှေမြေက ကိုးပွဲကစား (၁၇)မှတ်ဖြင့် ဒုတိယ၊ ဧရာဝတီယူနိုက်တက်က ရှစ်ပွဲကစား (၁၆)မှတ်ဖြင့် တတိယ၊ ကမ္ဘောဇက ကိုးပွဲကစား (၁၆)မှတ်ဖြင့် စတုတ္ထ၊ မကွေး F.C က ကိုးပွဲကစား (၁၄)မှတ်ဖြင့် အဆင့်(၅)၊ ဉဿာယူနိုက်တက်က ကိုးပွဲကစား (၁၃)မှတ်ဖြင့် အဆင့်(၆)၊ နေပြည်တော် F.C က ကိုးပွဲကစား (၁၂)မှတ်ဖြင့် အဆင့်(၇)၊ Southern Myanmarက ကိုးပွဲကစား (၁၁)မှတ်ဖြင့် အဆင့်(၈)၊ ရတ္တပူရယူနိုက်တက်က ကိုးပွဲကစား (၉)မှတ်ဖြင့် အဆင့်(၉)၊ မနောမြေ F.C က ကိုးပွဲကစား (၉)မှတ်ဖြင့် အဆင့်(၁၀)၊ ရတနာပုံက ရှစ်ပွဲကစား (၇)မှတ်ဖြင့် အဆင့်(၁၁)နှင့် ဇွဲကပင်ယူနိုက်တက်က ကိုးပွဲကစား အမှတ်မရသေးဘဲ အဆင့်(၁၂)တွင် ရှိနေသည်။

ယနေ့ပွဲ

(MFF Max Cement Cup ရှုံး/ထွက်ပြိုင်ပွဲ)

(သုဝဏ္ဏကွင်း)	Southern Myanmar	-	နေပြည်တော်
(အောင်ဆန်းကွင်း)	ဉဿာယူနိုက်တက်	-	ရန်ကုန်ယူနိုက်တက်

သတင်းမှတ်စုနှင့် ဓာတ်ပုံ **ရှိုင်းထက်ဇော်**

ပြည်တွင်း အားကစားသတင်း

ရတ္တပူရအသင်းမှ အောင်မြင့်ထွန်း၏ ထိုးဖောက်မှုကို ဇွဲကပင် ဂိုးသမား မြကိုမင်း တားဆီးနေစဉ်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

လေယာဉ်တစ်စင်းပေါ်တွင်ကဲ့သို့ အပန်းဖြေနိုင်ရန် စီစဉ်ထား

သတင်းမှတ်စု
တင်ဌေးမောင်
ဓာတ်ပုံ - ခင်မောင်ဝင်း

နေပြည်တော်တွင် ပို့ဆောင်ရေးအတွက် နိုင်ငံတကာလေဆိပ်၊ မီးရထားဘူတာကြီးနှင့် အဝေးပြေးကားဝင်းကြီးများရှိသည်။ မြန်မာနိုင်ငံအထက်ပိုင်း၊ အောက်ပိုင်းသို့ သွားလာနိုင်ရန် နိုင်ငံ၏ ဗဟိုပြုဒေသတစ်ခုဖြစ်လာသည်။ ဒေသဖွံ့ဖြိုးမှုနှင့် လိုက်လျောညီထွေရှိရန် ဟိုတယ်ဇုန်များဆောက်ပြီး ဟိုတယ်ကြီးများကို နိုင်ငံတကာအဆင့်မီ တည်ဆောက်ပြီး တည်ဆောက်လျက်ရှိသည်ကို တွေ့ရသည်။ ဒက္ခိဏသီရိမြို့နယ်တွင် ဟိုတယ်ဇုန်တစ်ခုရှိပြီး မြို့အဝင်ဝတွင် ပထမဦးဆုံးဖွင့်လှစ်သည့် ဟိုတယ်ဇုန်၌ Sky Palace Hotel ရှိ Cafe' Flight Restaurant ကို တွေ့ရမည်ဖြစ်သည်။

Sky Palace Hotel သည် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းပေါ် ဟိုတယ်အကွက်အမှတ်(၃)တွင် တည်ရှိပြီး မြေနေရာ အကျယ်အဝန်းမှာ ၁၅ ဧက ဖြစ်သည်။ အထပ်မြင့်ဟိုတယ် အဆောက်အအုံအပြင် လုံးချင်းဘန်ဂလို ကိုးလုံးပါရှိပြီး Cafe' Flight Restaurant လည်း ပါရှိသည်။ Sky Palace Hotel ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး ကျောက်မျက်ပြပွဲများအမီ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် ဘန်ဂလိုလုံးချင်း သီးသန့်တည်းခိုဆောင်များဖြင့် စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

နိုင်ငံတကာအဆင့်မီ Sky Palace Hotel တွင် အခန်းအမျိုးအစား အမျိုးမျိုးရှိပြီး အခန်းခများကိုလည်း ချိုသာသောဈေးနှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

Sky Palace Hotel ၏ ထူးခြားချက်မှာ နေပြည်တော်ဝန်းကျင်ရှိ ဒေသအလှအပများကို ထိုဟိုတယ်ကြီးပေါ်မှ ခံစားကြည်နူးရင်း တကယ့်လေယာဉ်တစ်စင်းပေါ်၌ စားသောက် အပန်းဖြေနိုင်သကဲ့သို့ ဖန်တီးစီစဉ်ထားကြောင်း သိရသည်။

Sky Palace Hotel ရှိ Cafe' Flight Restaurant ကို တွေ့ရစဉ်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃၁ - ၅ - ၂၀၁၁

ခန္တီး
၅ ဒသမ ၀၄ လက်မ
မြောက်ဦး
၄ ဒသမ ၀၉ လက်မ
ကျောက်တော်
၃ ဒသမ ၃၁ လက်မ

မီးတောင်သိပ္ပံ အင်တာနက်သတင်း

ဆီဒိုယာဂျို ရွှံ့မီးတောင်က မှုတ်ထုတ်သော ရွှံ့ရည်ပူများကြောင့် နစ်မြုပ်ခဲ့ရသော အဆောက်အအုံတစ်လုံးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားရှိ ရွှံ့မီးတောင်ကို နိုင်ငံတကာသိပ္ပံပညာရှင်များ လေ့လာမည်

ဆူရာဘာယား(အင်ဒိုနီးရှား) မေ ၃၁

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ ရွှံ့မီးတောင်တစ်လုံးကို နိုင်ငံတကာ သိပ္ပံပညာရှင်များ အဖွဲ့တစ်ဖွဲ့က လေ့လာရန် စီစဉ်ထားကြောင်း မေ ၂၈ ရက်သတင်းတွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ ဆီဒိုယာဂျိုဒေသရှိ ရွှံ့မီးတောင်သည် ၂၀၀၆ ခုနှစ် မေလတွင် ပေါက်ကွဲခဲ့ပြီးနောက် ရွှံ့ရည်များကို မှုတ်ထုတ်လာခဲ့သည်မှာ ငါးနှစ်မျှ ရှိခဲ့ပြီဖြစ်သည်။

ဆီဒိုယာဂျို ရွှံ့မီးတောင်သည် လာမည့် ၂၅ နှစ်မှ နှစ် ၃၀ အထိ ရွှံ့ရည်များကို ဆက်လက်မှုတ်ထုတ်နေဦးမည်ဟု သိပ္ပံပညာရှင်များက ယူဆထားသည်။

ကမ္ဘာ့အကြီးဆုံး ရွှံ့မီးတောင်ဖြစ်သော ဆီဒိုယာဂျို ရွှံ့မီးတောင်သည်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ဘာသာပြန်-သတင်းလုလင်